

ဒေါက်တာမြင့်ဇော်

# အမှောင်ထဲမှာသိခဲ့သည်များ

ဒေါက်တာမြင့်ဇော်

သာလာယံ စာအုပ်တိုက်
ဖုန်း - ၀၉ ၄၅၀၀ ၆၅၅ ၁၅
magazine.chindwin@gmail.com

## သမိုင်းဖြစ်ရပ်ဆိုးများ
## လေ့လာရေးစာစဉ်

လူသားမျိုးနွယ်တို့ ကြုံတွေ့ခဲ့သည့်
သမိုင်းဖြစ်ရပ်ဆိုးများမှ သင်ခန်းစာယူနိုင်ရန်
ယခုစာစဉ်ကို စီစဉ်ထုတ်ဝေကြခြင်း ဖြစ်ပါသည်။
လူ့ဂုဏ်သိက္ခာနှင့်ငြိမ်းချမ်းရေး တည်ဆောက်ရာတွင်
အထောက်အကူပြုရန် ရည်ရွယ်ပါသည်။

"အမှောင်ထဲမှာ သိခဲ့သည်များ"
မျက်နှာဖုံးဒီဇိုင်း - မြင့်မောင်ကျော်
စာမျက်နှာ - ၁၂၆ မျက်နှာ၊ ၁၀.၂ စင်တီ × ၁၇ စင်တီ

ထုတ်ဝေသူ - ဦးဝင်းကျော်ထွန်း (၀၀၂၄၈)၊ မုံရွေးစာပေ၊ အမှတ်
(၈၀/ခ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးကျော်ငွေးမင်း၊ အောင်သိန်းသန်း ပုံနှိပ်တိုက် (၀၀၄၃
အမှတ် (၁၃၈)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်။
၂၀၁၉၊ ဒီဇင်ဘာ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။
တန်ဖိုး - ၁၀၀၀။

## မာတိကာ


| | |
|---|---|
| အမှာစာ | ၆ |
| ၁။ အမှောင်ထဲမှာ သိခဲ့သည်များ | ၉ |
| ၂။ ကမ္ဘာတွင် လူကို ရှာဖွေခြင်း | ၁၉ |
| ၃။ အလင်းရောင်ဆီသို့ | ၂၅ |
| ၄။ ဖန်တီးထားသောဇာတ်ကြောင်းများမှသည် ဂျီနိုဆိုက်ဆီသို့ | ၃၁ |
| ၅။ နောက်ကွယ်က ပူးပေါင်းကြံစည်သည် ဟူသော လွဲမှားယူဆချက်များ | ၅၃ |
| ၆။ ဘေးအန္တရာယ်ရှိသည့် စကားများ | ၆၁ |
| ၇။ ဂျီနိုဆိုက်မဖြစ်ဖို့ ဘယ်အချိန်မှာ စတင် လှုပ်ရှားကြမလဲ | ၇၅ |
| ၈။ ကျုပ်တို့ လုပ်နိုင်တာတွေ | ၈၆ |

# အမှာစာ

ကမ္ဘာတွင် ကြုံခဲ့သော သမိုင်းဖြစ်ရပ်ဆိုးများအား ဝေဖန်ဆန်းစစ်သည့် ဆောင်းပါးအချို့ကို ယခုစာအုပ်တွင် စုစည်းဖော်ပြလိုက်ပါသည်။

ပထမပိုင်း ဆောင်းပါးများမှာ အထွေထွေဝေဖန်ဆန်းစစ်ချက်များ ဖြစ်ပါသည်။

ဒုတိယပိုင်းတွင် လွဲမှားသော ယူဆချက်များနှင့် စကားလုံးများ၏ အစွန်းတစ်ဘက်သို့ တွန်းပို့တတ်ပုံကို ဝေဖန်ဆန်းစစ်သည့်စာများ ပါဝင်ပါသည်။

တတိယပိုင်းတွင် တစ်ဦးချင်းနှင့် အစုအဖွဲ့များအလိုက် လူ့ဂုဏ်သိက္ခာနှင့် ငြိမ်းချမ်းရေးအတွက် လုပ်သင့်ပြောသင့်သည်များကို စုစည်းဖော်ပြထားပါသည်။

**It happened,
therefore it can
happen again:
this is the core of
what we have to say.**

Primo Levi

ဖြစ်ခဲ့ဖူးပြီ။
ဒါကြောင့် ထပ်လည်းဖြစ်နိုင်တယ်။
ကျုပ်တို့ပြောစရာရှိသမျှရဲ့
အချုပ်ကတော့
ဒါပါပဲ။

## အခန်း(၁)
## အမှောင်ထဲမှာ သိခဲ့သည်များ

၂၀၀၄ခုနှစ် မတ်လ ဆူဒန်က ကုလသမဂ္ဂရုံးမှာ ကျွန်တော်ရှိနေတုန်း တစ်နေ့ အာဖရိကန်အမျိုးသမီး တယောက် လုံခြုံရေး စစ်ဆေးမှု အဆင့်ဆင့်ကို ဖြတ်သန်းပြီး ကျွန်တော့်ရုံးခန်းထဲကိုဝင်လာပါတယ်။ ဒီကိုရောက်ဖို့ ပူလောင်နေတဲ့ ကန္တာရသဲမြေ မိုင် ၆၀၀ လောက်ကိုလည်း သူဖြတ်ခဲ့ရတာပါ။ သူ့အဝတ်အစားတွေ ညစ်ပတ်နေလို့ ကျွန်တော့်ရုံးထဲက ဆိုဖာခုံမှာထိုင်ဖို့ သူကငြင်းဆန်ပါတယ်။ သူ့နာမည်က အီရှာပါ။ သူကြုံတွေ့ ခဲ့ရတာတွေကို ခုလို ပြောပြပါတယ်။

"သူတို့ ကျွန်မတို့ရဲ့ အဝတ်အစားတွေကို ဆုတ်ဖြဲပစ်ပြီး မုဒိန်းကျင့်ကြတယ်။ တစ်ယောက်ပြီး တစ်ယောက်။ ကျွန်မထင်တယ်၊ ၁၂ ယောက်လောက်ရှိမယ်။ ကျွန်မယောက်ျား၊ ကျွန်မအဖေ၊ ကျွန်မသားနှစ်ယောက်ကို အတင်းအကျပ်ထိုင်ကြည့်ခိုင်းတယ်။ "အမဲမ" "ကျွန် မ" ဆိုတာမျိုးတွေ ဆဲဆို အော်ဟစ်ကြတယ်။ ကျွန်မတင်မဟုတ်ပါဘူး။ အသက်ခြောက်နှစ်ကနေ ခြောက်ဆယ့်ငါးနှစ်လောက်အထိ ရာနဲ့ချီတဲ့ အမျိုးသမီးတွေအဲဒီလို ကြုံကြရတယ်။ အော်သံဟစ်သံတွေကို ကျွန်မနားထဲမှာ ခုထိ ကြားနေရတုန်းပဲ။ ပြီးတော့ရွာကို မီးရှို့ကြတယ်။ ယောက်ျားလေး၊ မိန်းကလေးတွေကို ထရပ်ကားပေါ် တင်ပြီး မောင်းထွက်သွားတယ်။ ပါသွားတဲ့ လူတွေ ဘယ်လိုဖြစ်ကြသလဲ ကျွန်မ မသိဘူး။"

ကုလသမဂ္ဂကို အားကိုးတကြီးနဲ့ လာပြောတဲ့ အီရှာရဲ့ဇာတ်ကြောင်းက ကျွန်တော့်ဆီမှာ ကျန်ခဲ့ပါတယ်။ ကျွန်တော်တို့က ဘာလုပ်နိုင်မှာလဲ။ မျက်ကွယ်ပြုလိုက်တဲ့ ဇာတ်ကြောင်း တစ်ခုမဖြစ်အောင် ဘာများလုပ်နိုင်မှာပါလိမ့်။

ကျွန်တော်စိတ်က ဆီယာရာလီယွန်နိုင်ငံရဲ့ မြို့တော် ဖရီးတောင်းကို ရောက်သွားပြန်ပါတယ်။၁၉၉၈ ကပါ။ ဆေးရုံကုတင်ဘေးမှာ မေရီကသူ့သမီးကလေးကို ပုခက်လွဲသိပ်နေတယ်။ သမီးကသူ့အမေပုံအတိုင်းပါပဲ။ သူတို့နှစ်ယောက်လုံးရဲ့ ညာဘက်လက်တွေက လက်မောင်းအောက်ကနေ ပြတ်နေတယ်။ အမေနဲ့သမီးဆိုတဲ့ တင့်တယ်လှတဲ့ ကျက်သရေကို တွေးကြံမရတဲ့ ရက်စက်ကြမ်းကြုတ်မှုနဲ့ တွဲမြင်ရတာက ဆိုးဝါးလိုက်တာ။ အဲဒီတုန်းက ကျွန်တော်ဟာ ဗြိတန်အစိုးရရဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီ ရံပုံငွေရဲ့ အကြီးအကဲပါ။ ကျွန်တော်သုံးနိုင်တဲ့ သန်းနဲ့ချီတဲ့ ငွေတွေဟာ မေရီတို့သားအမိကို ကယ်တင်ဖို့နောက်ကျလွန်းခဲ့ပါပြီ။

၁၉၉၉ မှာတော့ ကျွန်တော်ဟာ ရဝမ်ဒါမှာပါ။ ကျွန်တော်ဝင်သွားတဲ့ ကီဂါလီမြို့က Sainte Francis ဘုရားကျောင်းနံရံမှာ သွေးတွေစီးကျနေတုန်းပဲ။ ဓါးနဲ့ခုတ်ပိုင်းထားတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ ကြားထဲမှာ မသေသေးတဲ့ ကလေးတစ်ယောက်ကို ကောက်ယူပြီး သီလရှင်ဆရာလေးတွေနဲ့ တည်ထောင်ထားတဲ့ မိဘမဲ့ကျောင်းကို သွားပို့ရပါတယ်။ အဲဒီကျောင်းဟာ ဟူတူစစ်သွေးကြွတွေကို တံခါးဖွင့်ပေးဖို့ ငြင်းဆိုခဲ့လို့ ကျောင်းထဲက

တွတ်ဆီ ကလေးတွေ အသက်ရှင်ခွင့်ရခဲ့တဲ့ ကျောင်းပါ။ ငါတို့ကိုအရင်သတ်ပြီးမှဝင်လို့ ဆရာလေးတွေက ရင်ဆိုင်ခဲ့တာပါ။ တစ်ကမ္ဘာလုံးကမျက်နှာလွှဲထားတဲ့အချိန်၊ ကုလသမဂ္ဂတပ်တွေ ထွက်ပြေးသွားတဲ့ အချိန်မှာအရပ်ငါးပေမပြည့်တဲ့ ယိုင်နဲ့နဲ့ ဆရာလေးတွေက ရင်ဆိုင်ရပ်တည် ပေးခဲ့တာပါ။

ကျွန်တော်က အင်္ဂလန်မှာ ကြီးပါတယ်။ အဘိုးနဲ့အဘွားက အိန္ဒိယကပါ။ ၁၉၄၇မှာ လွတ်လပ်ရေးနဲ့အတူ အိန္ဒိယ-ပါကစ္စတန် လူသတ်ပွဲတွေဖြစ်ကြတော့ အဘိုးနဲ့အဘွားဟာ ရထားတွဲတစ်တွဲထဲမှာပါ။ အဲဒီတုန်းက ရာနဲ့ချီတဲ့ လူတွေပါသွားတဲ့ ရထားတွဲတွေဟာ သေမင်းနဲ့တွေပြီး ခရီးဆုံးကြရတာများပါတယ်။ အဘိုးနဲ့အဘွားရဲ့ရထားတွဲမှာတော့ ဆွစ်ဇာလန်က လူငယ်တစ်ယောက်ပါလာတယ်။ သူ့မှာပါတဲ့ ကြက်ခြေနီ အလံလေးကို လွှင့်ထားပြီး အသက်တွေကယ်နိုင်ခဲ့တယ်။ အဘိုးအဘွားနဲ့ ဆယ်ကျော်သက် ကျွန်တော့်အဖေ သက်သာရာရခဲ့ပါတယ်။

တစ်ခါက ပါရီမြို့မှာရှိတဲ့ ပြင်သစ်ဂျူးတွေ မီးလောင်တိုက်သွင်းခံရတဲ့ အထိမ်းအမှတ်ပြတိုက်ကို ရောက်ခဲ့တယ်။ ပြထားတာတွေအများကြီးမှာ ပြင်သစ်ဂျူးတွေကိုင်ရတဲ့ မှတ်ပုံတင်က ရဝမ်ဒါမှာ တွတ်ဆီတွေကိုင်ရတဲ့ မှတ်ပုံတင်နဲ့ တူလိုက်တာလို့ တွေးမိတယ်။

ဘာတွေသိခဲ့သလဲ။

ကျွန်တော် သဘောပေါက်ခဲ့တာကတော့ ဂျီနိုဆိုက်ဟာ ရာစုတိုင်းမှာ၊ လူနေထိုင်တဲ့ကမ္ဘာ့တိုက်ကြီးတွေ တိုင်းမှာ၊ လူ့ယဉ်ကျေးမှုတိုင်းမှာ ဖြစ်ခဲ့တယ်ဆိုတာပါပဲ။

အာဏာရှိသူတွေရဲ့ အခန်းကဏ္ဍကလည်း အမြဲပါဝင်တယ် ဆိုတာကိုတွေ့ရပါတယ်။ ကြီးကြီးမားမား အဖြစ်ဆိုးတွေမလာခင် အစမ်းလေ့ကျင့်နေသလိုမျိုး ရက်စက်မှုတွေ ဖြစ်လေ့ရှိတာတွေ့ရပါတယ်။ ၁၉၉၄ ရဝမ်ဒါဂျီနိုဆိုက် မဖြစ်ခင်ကတည်းက ရဝမ်ဒါမှာ ၁၉၅၀ ကျော်ကာလတွေထဲကကို အသေးစားသတ်ဖြတ်မှုတွေ ရှိခဲ့တယ်။ နာဇီလက်ထက်မှာလည်း ဂျူးတွေကိုမသုတ်သင်ခင်ကတည်းက ဂျူး ဆန့်ကျင်ရေး ရိုက်ပွဲ သတ်ပွဲတွေ အများကြီးဖြစ်ခဲ့တဲ့ လမ်းကြောင်းကို တွေ့ရပါတယ်။ ဆိုးယုတ်တဲ့ ခေါင်းဆောင်တွေဟာ သာမန်လူတွေကို လူသတ်သမားဖြစ်အောင် ဘယ်လို လုပ်နိုင်ခဲ့ကြတာလဲ။ အလွန်လွယ်တာပေါ့ဗျာ။

ပထမဆုံး ကိုယ်ချေမှုန်းချင်တဲ့ လူတွေကိုလူအဖြစ်ကနေ လျှော့ချပစ်လိုက်။ အဲဒီအခါ ဂျူးဆိုတာဟာ နာဇီတွေအတွက် ရထားထဲ ထည့်ပို့လိုက်တဲ့ကုန်စည်တွေ ဖြစ်သွားတယ်။ တွတ်ဆီလူမျိုးဆိုတာ နင်းချေပစ်ရမယ့် အင်းဆက်တွေ ဖြစ်သွားတယ်။ ဒါဖာက အာဖရိကန်တွေဟာ တံမြက်စည်းနဲ့ လှည်းထုတ်ပစ်ရမယ့်ကျွတ်ကျွတ်အိတ်တွေ ဖြစ်သွားတယ်။

ဒုတိယက ကိုယ်ပစ်မှတ်ထားတဲ့ အုပ်စုတွေနဲ့ ကိုယ့်အုပ်စုထဲက လူတွေကို အလှမ်းကွာအောင်လုပ်ထားလိုက်။ စိတ်ပိုင်းဆိုင်ရာအရလည်း အလှမ်းကွာပါစေ။ ချေမှုန်းမှုယန္တရားမှာလည်း ကိုယ်ကကိုယ်နဲ့ ဆိုင်တဲ့အပိုင်းလေးပဲ လုပ်တာပါဆိုတဲ့ အတွေးမျိုးနဲ့ အဖြစ်ဆိုးတွေရင်ထဲမရောက်လာအောင် အလှမ်းကွာဝေးပါစေ။ အဲဒါဆိုရင် အထက်ကခိုင်းတာ လုပ်တာပါဆိုတဲ့ အတွေးမျိုးနဲ့ အဆင့်ဆင့် ပါဝင်ပတ်သက်ခဲ့တဲ့ သူတွေက သူတို့အပြစ်ကိုပြန်ဖော့ကြည့်ပြီး ဂျီနိုဆိုက်ယန္တရားကြီး လည်ပတ်နေလိမ့်မည်။ ဂျူးတွေကို ဘူတာရုံပို့တဲ့သူကပို့မယ်။ ဂျူးတွေ အပြည့် နဲ့ရထားတွဲတွေ အချိန်နဲ့ထွက်နိုင်ဖို့ လုပ်တဲ့သူကလုပ်မယ်။ ရောက်လာတဲ့ ဂျူးတွေကို ဓါတ်ငွေ့ခန်းတွေထဲပို့တဲ့သူကပို့မယ်။ အားလုံးက သူတို့နေရာကနေ လုပ်ရမယ့် သက်ဆိုင်ရာ အလုပ်အသီးသီးကို လုပ်နေကြတာပါလို့ ပြောမယ်။ ယန္တရားကြီးက သူတို့နဲ့မဆိုင်ပါဘူးလို့ ပြောမယ်။ ပိုပေါ့လက်အောက်က ခမာနီတစ်ယောက်က အန်ကာ (အထက်အာဏာပိုင်) ရဲ့ ညွှန်ကြားချက်အတိုင်း လူသတ်ရတာပါလို့ပြောမယ်။ သူ့အောက်က လူကလည်း အဲဒီလိုပဲ သူ့ကိုပြန်ပြီး လက်ညှိုးထိုးနေလိမ့်မယ်။

တတိယက ဆိုးယုတ်မှုနဲ့ ယဉ်ပါးလာအောင် လုပ်တာပါ။ လူတစ်ယောက် အသတ်ခံရတဲ့အခါ တုန်လှုပ်စရာဖြစ်နေတာပေါ့။ ဒါပေမဲ့ တစ်ရာတစ်ထောင်အထိ လူတွေများလာတဲ့အခါမှာ ဒီလူတွေက ဂျီနိုဆိုက်ကျူးလွန်

သူတွေအတွက် ကိန်းဂဏန်းတွေပဲ ဖြစ်လာတော့တယ်။ လူသတ်သမားတွေသာမက လူ့အဖွဲ့အစည်းကလည်း ဆိုးယုတ်မှုတွေနဲ့ ယဉ်ပါးလာခဲ့တယ်။ ပထမဆုံး သွေးစွန်းသွားပြီးရင် နောက်ထပ် နောက်ထပ်ရက်စက်မှုတွေလုပ်ဖို့မခက်တော့ဘူး ဆိုတာမျိုးတွေက ဂျီနိုဆိုက် ဖြစ်ရပ်တွေတိုင်းမှာ ကြားရတဲ့ ဇာတ်ကြောင်းပါပဲ။

## ဆင်ခြေများ

ကျွန်တော်တို့ ကြုံနေရတာက ‘ဘယ်တော့မှ ဒါမျိုးထပ်မဖြစ်စေရ’ (never again) လို့ကြွေးကြော်သံနဲ့ ‘ထပ်ဖြစ်ပြန်ပြီဟ’ (yes again)’ လို့ ပြောရတဲ့ အခြေအနေကြားမှာ အချိန်ကာလ သိပ်မခြားလှတာပါပဲ။ နှစ်ဆယ်ရာစုကစပြီးကြည့်ရင်ကို နမီးဘီးယား၊ အာမေးနီယား၊ ဥရောပဂျူးများ၊ ဂွာတီမာလာ၊ကမ္ဘောဒီးယား၊ ရဝမ်ဒါ၊ ဘော့စနီးယား၊ ဆူဒန်. . .။ ဘေးကရပ်ကြည့်နေသူတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အစိုးရတွေပေးလေ့ရှိတဲ့ ဆင်ခြေ ၈ မျိုး လောက်ရှိပါတယ်။

**အဆိုးမြင်။** ။ ဒီဒေသမှာတော့ ဒီလိုပဲ ဖြစ်မှာပဲလေ။ အရိုင်းအစိုင်းတွေပဲဟာ (cynicism)။

**ငြင်းပယ်ခြင်း။** ။ အခြေအနေက ခင်ဗျားပြောသလောက် မဆိုးပါဘူး။ ချဲ့ကားနေကြတာပါ။ (denial)

**ရွှေ့ဆိုင်းခြင်း။** ။ စိတ်ရှည်မှပေါ့၊ အချိန်ယူရမယ်လေ။ သမိုင်းနဲ့ချီတဲ့ ကိစ္စပဲဟာ။ (procrastination)
**သတိကြီးခြင်း။** ။ အရမ်းလုပ်လို့ မရဘူးလေ။အခြေအနေက ရှုပ်ထွေးနေတာ။ ဝင်ပါရင် ပိုရှုပ်ကုန်မှာ စိုးရတယ်။ (caution)
**လမ်းကြောင်းလွှဲခြင်း။** ။ တခြားအရေးကြီးတဲ့ ကိစ္စတွေ အရင်လုပ်ရမယ်လေ၊ အရေးကြီးတာတွေ လုပ်ပြီးမှဒါကို တွေးလို့ရမယ်။ (distraction)
**လက်လွှဲခြင်း။** ။ ဒီကိစ္စကို ဒီလူတွေဒီလူတွေဆီကို အကြောင်းကြားထားပါတယ်။ (buck-passing)
**တာဝန်မယူခြင်း။** ။ ကိုယ်တွေမှာ တာဝန်မရှိဘူး။ တာဝန်ရှိသူတွေ ဆုံးဖြတ်ကြလိမ့်မယ်။ (evasion of responsibility)
**လက်လျှော့ခြင်း။** ။ ငါတို့ကဘာများတတ်နိုင်မှာလဲ။ ငါတို့ လုပ်နိုင်တာ ဘာမှမရှိပဲ။ (helplessness)

ကိုယ့်ကို မထိသေးသရွေ့ မနာတတ်တဲ့ လူ့အဖွဲ့အစည်းမှာ နေထိုင်ကြတာဆိုရင်တော့ ဂျီနိုဆိုက်တွေနဲ့ ဆင်းရဲဒုက္ခ ပြီးဆုံးဖို့တွေကို ကျွန်တော်တို့ မျှော်လင့်မနေပါနဲ့တော့။ မိုင်ပေါင်းများစွာ ဖြတ်လာခဲ့ပြီး တစ်စုံတစ်ရာ ထူးခြားဖို့ကြိုးစားတဲ့ အီရှာ။ ဓါးကိုင်ထားတဲ့စစ်သွေးကြွတွေကို ရင်ဆိုင်ခဲ့တဲ့ ဆရာလေးတွေ။ ကြက်ခြေနီအလံလိုက်ရှာပြီး အသက်ကယ်ခဲ့တဲ့ ဆွစ်ဇာလန်ကလူငယ်လေး တစ်ယောက်။ သူတို့လိုသတ္တိရှိသူတွေ ကမ္ဘာမှာ များပါ

စေလို့ ခင်ဗျားတို့ကျွန်တော်တို့ အားလုံးဆုတောင်း ကြမှာပါပဲ။ ခင်ဗျားနဲ့ ကျွန်တော့်မှာရော စာနာမှု၊ စွမ်းဆောင်မှု သတ္တိရောရှိပါ ရဲ့လား။ ဒီမေးခွန်းကတော့ ခင်ဗျားရော၊ ကျွန်တော်ပါ ကိုယ့်ဘာသာ ဖြေကြရမှာပေါ့။

The last word from a final journey
by Mukesh Kapila

# အခန်း(၂)
# ကမ္ဘာတွင်လူကိုရှာဖွေခြင်း

ရဝမ်ဒါ လူသတ်ပွဲကာလမှာတုန်းက လူသေအလောင်းတွေ ပြည့်နေတဲ့ လမ်းပေါ်မှာ ၃ နှစ်သားမိဘမဲ့ကလေးတစ်ယောက်ကို တွေ့ခဲ့ဘူးပါတယ်။ ဒီစာကို ရေးနေတဲ့ အချိန်မှာ အဲဒီကလေးများ အသက်ရှင်နေရင် ဆယ်ကျော်သက် အရွယ်ရောက်ပြီပေါ့။ ဂျီနိုဆိုက်ကြောင့် မိဘမဲ့ဖြစ်သွားတဲ့ အဲဒီကလေးနဲ့ တခြားသောထောင်သောင်းချီတဲ့ ကလေးတွေ ဘယ်လိုများကြီးကြရမှာပါလိမ့်။ ဆွေမျိုးသားချင်းတွေနဲ့ ပြန်တွေ့ကြလား။ လူပြည့်ကျပ်နေတဲ့ မိဘမဲ့ဂေဟာတွေ မှာပဲလား။ မေတ္တာနဲ့စောင့်ရှောက် မှုမှုရရဲ့လား။ဒါမှမဟုတ် အမုန်းတွေ ဒေါသတွေနဲ့ပဲ ကြီးပြင်းလာသလား။ ဒေသတွင်းက စစ်ပွဲတွေမှာ ကလေးစစ်သားအဖြစ်နဲ့ အကြမ်းဖက် သံသရာထဲမှာ ပဲလည်နေသလား။

ရဝမ်ဒါ လူသတ်ပွဲအကြောင်းတွေးတဲ့အခါ ဘုရားကျောင်းတွေမှာ ဓါးဒဏ်ရာနဲ့ နာကျင်စွာသေဆုံးရသူတွေ အကြောင်းကို စပြီးသတိရပါတယ်။ ဘုရားရိပ်မှာ အကာအကွယ်ရှာခဲ့ကြပေမယ့် နတ်ဆိုးရဲ့လက်ချက်နဲ့ ဘဝနိဂုံးချုပ်ခဲ့ရသူတွေပါ။ နောက်သတိရတာက အသတ်ခံရတဲ့ ကလေး ၃ သိန်းလောက်ကိုပါ။ အဲဒီနောက်မှာ ဂျီနိုဆိုက်နဲ့ ပဋိပက္ခတွေကြောင့် မိဘမဲ့ ဖြစ်ခဲ့ကြသူတွေကိုသတိရပါတယ်။ ရဝမ်ဒါကို အမှတ်ရရင် အဲဒီငရဲကို ဆက်ခံကြရတဲ့ ကလေးတွေရဲ့လောကငရဲကို အသိအမှတ်ပြုကြပါဗျာ။

စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာရာသွားမှာ သေချာတဲ့ ဒီကလေးတွေ။ အထူးသဖြင့် အမျိုးသမီးတွေ။ သယ်ပိုးထားရတဲ့ စိတ်ဒဏ်ရာတွေကြောင့် သူတို့မွေးလာမဲ့ ကလေးတွေကိုလည်း စောင့်ရှောက်ဖို့ ခက်ခဲမှာပဲ။ ကိုယ်မရခဲ့ဖူးတဲ့ ချစ်ခြင်းမေတ္တာကို ဘယ်လိုများ ပြန်ပြကြမလဲ။ နောက်ထပ် ရဝမ်ဒါအဖြစ်မျိုးတွေ ထပ်မကြုံရအောင် လုပ်ကြပါလို့ ပြောနေရတာက အဲဒီလို အဖြစ်တွေကြုံတဲ့အခါ လူငယ်တွေရဲ့ ဘဝက အသက်ရှင်နေပေမယ့် ပြုန်းတီးပျက်စီးမှုတွေထဲ ပစ်ချခံရသလို ဖြစ်လေ့ရှိလို့ပါ။ ဒေါသမီးတောက်တွေကို ဆယ်ကျော်သက်ကလေးတွေရဲ့ မျက်လုံးမှာ ကျုပ်မြင်ခဲ့ရဘူးပါပြီ။ ဘာအခွင့်အရေးမျှမရှိ၊ ဘာမျှော်လင့်ချက်မျှမရှိ ရှင်သန်ရပ်တည်စရာ နည်းလမ်းရှားပါးလှတဲ့ လူတွေဟာ အစွန်းရောက်မှုဆီ ရွေ့လျားသွားတတ်ကြပါတယ်။

သေသူတွေ အတွက်ရော၊ ရှင်သူတွေအတွက်ပါ ကျုပ်တို့ လိုအပ်နေတာက တာဝန်ယူမှု၊ တာဝန်ခံမှုပါ။ လူသတ်သမားတွေ လွတ်ငြိမ်းခွင့်ရနေတဲ့ အခြေအနေမျိုးကို ကမ္ဘာမြေကနေ ဖယ်ရှားပြီး တရားမျှတမှု ကိစ္စကို ကျွန်တော်တို့ ပြောကြရပါမယ်။

ရဝမ်ဒါမှာလူမျိုးစု အကြမ်းဖက်မှုတွေရဲ့ ဇစ်မြစ်တွေက နက်ရှိုင်းပါတယ်။ ဥရောပကိုလိုနီဘဝ ခွဲခြားဆက်ဆံခံရမှုတွေကစလို့ ပုဂ္ဂလိက ရန်ငြိုးတွေ၊ ဒုက္ခသည်ဘဝဖြတ်သန်းရတာတွေ၊ လူမျိုးရေးဝါဒတွေ၊ အာဏာလုကြတာတွေ၊ အာဏာသိမ်းမှုတွေ စတဲ့အကြောင်းတွေ စုံပါတယ်။

လူမျိုးနွယ်စုအားလုံးက အစွန်းရောက်စိတ်ကို မွေးမြူပါတယ်။ လက်နက်ကိုင်ထားတဲ့ ငြိမ်းချမ်းရေးကလည်း အစွန်းရောက် အကြမ်းဖက်စိတ်ကို ဆယ်စုနှစ်များစွာ မွေးမြူပေးသလိုဖြစ်ခဲ့ပါတယ်။ တစ်ဘက် လူမျိုးစုကို အပြတ်ရှင်းလိုက်မယ်ဆိုတဲ့ အိပ်မက်ကိုလည်း အဲဒီအခြေအနေတွေက ဖြစ်စေခဲ့တာပါ။

နိုင်ငံတကာအင်အားစုတွေရဲ့ အလေးမထားမှု၊ နှောင့်နှေးမှု၊ မညီညွတ်မှုတွေကြောင့် ဂျီနိုဆိုက်မဖြစ်အောင် ကာကွယ်ဖို့ အခွင့်အရေး လက်လွတ်ခဲ့ရပါတယ်။ ကုလသမဂ္ဂတပ်ဖွဲ့ ခေါင်းဆောင်အနေနဲ့ ကျွန်တော့်မှာလည်း တာဝန်ရှိပါတယ်။ နိုင်ငံတကာ အင်အားစုတွေကို မစည်းရုံးနိုင်ခဲ့ပါဘူး။ ဒီသေးငယ်၊ ဆင်းရဲ၊ လူဦးရေ များတဲ့ နိုင်ငံကို ကယ်တင်ဖို့ လိုအပ်ချက် မကြီးမားလှပါဘူး ဆိုတာကို နားပေါက်အောင် မပြောနိုင်ခဲ့ပါဘူး။

တကယ်တော့ ရဝမ်ဒါဇာတ်လမ်းဟာ ဒုက္ခရောက်နေတဲ့ ပြည်သူတွေရဲ့ အကူအညီ တောင်းခံမှုကို ကမ္ဘာ့လူသားထုက နားထောင်ဖို့ ပျက်ကွက်ခဲ့တဲ့ကိစ္စပါ။ At its heart, the Rwandan story is the story of the failure of humanity to heed a call for help from an endangered people.'

နိုင်ငံတကာအနေနဲ့ ကိုယ့်နိုင်ငံ အကျိုးစီးပွားပေတံနဲ့ တိုင်းတာပြီး ကမ္ဘာ့ဘယ်နေရာ ဘယ်ဒေသတွေအတွက်တော့ ပူပန်မယ်ဆိုတဲ့ အနေအထားမျိုးဆီ ရောက်လာပါတယ်။

ကျုပ်တို့အားလုံး လူချင်းအတူတူပဲဆိုတာ ဟုတ်ရဲ့လား ဆိုတဲ့ မေးခွန်းကို ကျွန်တော်ထုတ်ပါတယ်။ တချို့ နိုင်ငံသားတွေရဲ့ အသက်က တချို့နိုင်ငံသားတွေထက်တန်ဖိုး ပိုကြီးသလို တွေးနေကြပါတယ်။ အမေရိကန်အရာရှိ တစ်ယောက်က ပြောပါတယ်။ ရဝမ်ဒါရှစ်သိန်း အတွက် အမေရိကန်စစ်သား ၁၀ ယောက်လောက်ရဲ့ အသက်စွန့်ဖို့ တောင်မနည်းလို့ ပြောခဲ့ဘူးပါတယ်။ ဘယ်ဂျီယံ စစ်သား ၁၀ ယောက်လောက် သေပြီးတဲ့နောက်မှာ နောက်တစ်ယောက်ထပ် စွန့်လွှတ်ရအောင်ကို ရဝမ်ဒါတွေရဲ့အသက် က မထိုက်တန်ဘူးလို့ ပြောခဲ့ကြပါတယ်။

ဒီတော့ လူသားဖြစ်တည်မှုဆိုတဲ့ တန်ဖိုးခံယူချက် ပျံ့နှံ့ရမှာပါလားဆိုတဲ့ ကောက်ချက်ဆီကိုပဲ ကျုပ်ရောက်ပါတော့တယ်။ လူသားအားလုံး အတူတူ ဆိုတာကို ယုံကြည်ရင် ဘာတွေနဲ့ သက်သေပြကြမလဲ။ မျက်နှာလွှဲထားတာ မဟုတ်တဲ့ လုပ်ရပ်တွေနဲ့ ပြရမှာမဟုတ်ဘူးလား။

ရှိုမီယို ဒလဲရား

၁၉၉၃–၁၉၉၄

**ရဝမ်ဒါအခြေစိုက် ကုလသမဂ္ဂတပ်ဖွဲ့အကြီးအကဲ**

Shake hands with the Devil

by Romeo Dallaire

# အခန်း(၃)
# အလင်းရောင်ဆီသို့

ခရစ်ယာန် သာသနာဟာ ရာစုနှစ်တွေနဲ့ ချီပြီး သာမန်ပြည်သူတွေအပေါ် ဂျူးဆန့်ကျင်ရေး စိတ်ဓါတ်တွေ သွင်းပေးနေခဲ့တယ်။ အဲဒီ အဆိပ်အတောက် ပျံ့နှံ့မှုက ဂျာမန် ခရစ်ယာန်တွေဆီတင်မကဘဲ လစ်သူယေးနီးယန်း ခရစ်ယာန်တွေ၊ ပိုလန် ခရစ်ယာန်တွေနဲ့ အခြား ဥရောပ ခရစ်ယာန်တွေဆီအထိ ရောက်ခဲ့ကြောင်းကို ၁၉၄၀ ဝန်းကျင်ကာလက နာဇီ လူသတ်ပွဲတွေက သက်သေပြနေတယ်။ အကာအကွယ်မဲ့ ဂျူးတွေကို ရက်ရက်စက်စက် နှိပ်ကွပ်ရာမှာ အဲဒီဒေသတွေ ပါဝင်ခဲ့ကြတယ်။

အမုန်းရဲ့ ကြာရှည်စွဲမြဲမှု အင်အားက ကြီးတယ်။ အခွင့်အရေးပေးလာရင် အမုန်းကို ရက်စက်မှုအဖြစ် ပြောင်းပစ်နိုင်စွမ်းကလည်း လူတွေမှာ ရှိကြတယ်။

နာဇီဂျာမန်တွေလို မဖြစ်လောက်ပါဘူးလို့ တွေးကြတယ်။ တကယ်တော့ ထင်တာထက်ကို ပိုပြီးတော့ မြန်မြန်ဆန်ဆန် သူတို့နီးပါး ဖြစ်သွားနိုင်ကြတယ်။ နာဇီဂျာမန်တွေဟာ မိုးဇက်တို့ ဗီသိုဗင်တို့ရဲ့ ဂီတတွေကို နားထောင်ပြီးတဲ့နောက် ကလေးတွေကို သတ်ကြတာပါပဲ။ အဲဒီလို လူတွေဆီက ကြားရမဲ့စကားက "ကိုယ်တန်ဖိုးထားတာတွေကို ကာကွယ်ဖို့ မလုပ်ချင်တာတွေ လုပ်နေရတယ်ဗျာ" ဆိုတဲ့ စကားမျိုးဖြစ်ပါလိမ့်မယ်။ သူတို့လို ကျုပ်တို့ မဖြစ်ဘူးလို့ မထင်ကြပါနဲ့။ စိုးရိမ်ထိတ်လန့်နေတဲ့ အခါ အလားတူ ဆင်ခြေမျိုးတွေနဲ့ သွေးစွန်းခဲ့ကြတဲ့သမိုင်းဟာ စိတ်သက်သာစရာ မရှိလောက်အောင်များပါတယ်။

သာမန်လူတွေက ထိတ်လန့်စရာတွေ ကျူးလွန်သူ ဖြစ်အောင် စစ်ပွဲတွေက ဖန်တီးပါတယ်။ စစ်ပွဲတွေဟာ ရက်စက်မှုတွေဖြစ်လာအောင် လုပ်နိုင်ပါတယ်။ ဗီယက်နမ်စစ်မှာ ဖြစ်ခဲ့တဲ့ မေလိုင် လူသတ်ပွဲကို အမေရိကန်တွေ နားလည်ဖို့ ခက်နေတုန်းပါပဲ။ ကြောက်စိတ် ဝင်လာပြီဆိုရင် လက်နက်ကိုင်ထားသူတွေဟာ သာမန် ပြည်သူကို သတ်ဖြတ်တာ သူတို့ အသက်ရှင်ဖို့ အတွက်လို့ တွေးတတ်ကြပါတယ်။ ဘာအတွက် ရက်စက်ကြတာလဲဗျာဆိုတဲ့ မေးခွန်းကို ဖြေနိုင်ကြမယ်မဟုတ်ပါဘူး။ ဖြစ်ခဲပါတယ် လေလို့ ခင်ဗျားတွေးပါလိမ့်မယ်။ အမှန်မှာတော့ အချိန်တိုင်း ဖြစ်နေတာပါ။ (One wishes that this happened rarely. In truth, it happens all the time.)

လူ့ကမ္ဘာမှာ ငရဲခန်းတွေ ဖန်တီးရတာ လွယ်ပါတယ်။ တောက်လျှောက်ဖန်တီးဖို့သာ မလွယ်တာ။ တရားမျှတလိုစိတ် မဟုတ်ရင်တောင် ငြိမ်းချမ်းလိုတဲ့ လူ့စိတ်သဘောက ဖြည်းဖြည်းချင်းတော့ ပြန်တွန်းကန်တာပါပဲ။

ဒါပေမဲ့ တစ်ချိန်မှာ ပြန်တွန်းကြမှာပဲလေဆိုတဲ့ အတွေးက ခံစားလိုက်သူတွေ ဖြေဆည်နိုင်တဲ့ စကားမဟုတ်ပါဘူး။ ရှင်သန်သူတွေအတွက်တော့ တစ်စုံတစ်ရာ စိတ်သက်သာစရာ ဖြစ်နိုင်ပါတယ်။ တိမ်ဖုံးမှောင်မိုက်သွားတဲ့ အချိန်တွေနဲ့ ကြုံနေရတာပါ။ အလင်းရောင်ထာဝရ ပျောက်ဆုံးတာတော့ မဟုတ်ပါဘူးလို့ တွေးကြရတာကိုး။

ကမ္ဘာကြီး ကောင်းအောင်လုပ်နိုင်တယ် ဆိုတဲ့ အတွေးဟာမှန်ပါတယ်။ ကောင်းပြီးရင် မဆိုးတော့ဘူး ဆိုတဲ့ အတွေးကသာ မှားတာပါ။ ကြမ်းရိုင်းတဲ့ လူ့ဘဝလူ့ ကမ္ဘာမှာ တော်တည့်ဖြောင့်မတ်ဖို့ အလုပ်တွေကိုလည်း မနားမနေ လုပ်နေကြဖို့ လိုတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

Blood and Soil
by Adam Gopnik

## အခန်း(၄)
## ဖန်တီးထားသော
## ဇာတ်ကြောင်းများမှသည်
## ဂျိန်းဆိုက်ဆီသို့

(၁)

နာဇီ ဂျာမနီအောက်မှာ ဂျူးတွေကို မီးလောင်တိုက်သွင်းတဲ့ ဖြစ်ရပ်ကြီးမပေါ်ခင်ကတည်းက တစ္ဆေကြီးတစ်ကောင်ဟာ ဥရောပကို ခြောက်လှန့်ခဲ့တယ်။ ဒီတစ္ဆေရဲ့ ခြောက်လှန့်မှုကြောင့် အသက်များစွာ သေခဲ့ရတယ်။ ကမ္ဘာ့သမိုင်းမှာ ဖြစ်ရပ်ဆိုးတွေ ကြုံခဲ့ရတယ်။

ထင်မြင်ချက်အမှားတွေ ပျံ့နှံ့နေတဲ့အခါ လူ့အဖွဲ့အစည်းမှာ အခက်ကြုံရပုံကို ဒီဇာတ်ကြောင်းမှာ တွေ့ရမှာ ဖြစ်ပါတယ်။ အချက်အလက် အကျိုးအကြောင်းနဲ့ တုံ့ပြန်ကြသူတွေပေမဲ့ အယူအစွဲဟာ ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းပြီး တည်ရှိတတ်ပုံကိုလည်း တွေ့ရမှာပါ။

ဒီဇာတ်ကြောင်းက ဂျူးလူမျိုးတွေ ကြုံခဲ့ရတဲ့ဇာတ်ကြောင်းပါ။ ဒါပေမဲ့ မြန်မာနိုင်ငံအပါအဝင် မျက်မှောက်ခေတ်ကမ္ဘာရဲ့ အခြေအနေတွေကို ဆင်ခြင်ကြည့်ရာမှာအသုံးတည့်နိုင်ပါတယ်။

(၂)

၂၀ ရာစု မတိုင်ခင်ကတည်းက ဂျူးဆန့်ကျင်ရေး ဝါဒ (Anti-Semitism) ဟာ ဥရောပမှာ ကျယ်ပြန့်ခဲ့ပါတယ်။ ခရစ်တော် သေရမှုအတွက် ဂျူးတွေမှာအပြစ်ရှိတယ်ဆိုတဲ့ ခရစ်ယာန်ဘာသာရေး ယုံကြည်ချက်က အလယ်ခေတ်လောကမှာ ကျယ်ပြန့်နေပါပြီ။

အလယ်ခေတ် ဥရောပမှာ ဂျူးဆိုတာ ငါတို့နဲ့ မတူတဲ့ အခြားသောသူများ (the other) ဖြစ်ပါတယ်။ ခွဲခြားသတ်မှတ်ထားတဲ့ နေရာတွေမှာနေရတယ်။ အနံ့အသက်ဆိုးသူတွေလို့ ပြောဆိုခံရတယ်။

(၃)

အခြားသူတွေအဖြစ် ခွဲခြား ဆက်ဆံခံရတာ က နေ နောက်ပိုင်းမှာတော့ ဟောဒီလို အကျင့်အကြံရှိတဲ့သူ တွေအဖြစ် သတ်မှတ်ခံလာရပါတယ်။

(က) ရှိပြီးသား လူမှုသဟဇာတကို ဖျက်မယ့်သူတွေ

(ခ) ပြင်ပက အင်အားစုတွေနဲ့ ပူးပေါင်းပြီး မကောင်းကြံ မယ့်သူတွေ

(ဂ) ယုံကြည်မှု အစွန်းရောက်သူတွေ

(Social Disharmony, Conspiracy, Fanaticism)

(၄)

ဒီလိုနဲ့ ၁၉ ရာစုအကုန် ၂၀ ရာစုအစောပိုင်းကို ရောက်တဲ့အခါ ဂျူးတွေကို ရွံရှာထိတ်လန့်မှုဟာ ဂျူးနဲ့ ဗော်ရှီဗစ် အချိတ်အဆက် (Judeo-Bolshevism) ဆိုတဲ့ ထင်မြင်ယူဆမှုဆီ ရောက်လာတော့တာပါပဲ။ ဂျူးနဲ့ ကွန်မြူနစ်ဆိုတာ အတူတူပဲ၊ တစ်စိတ်တည်း တစ်ဉာဏ်တည်းဆိုတဲ့ ထင်မြင်ယူဆချက်ပါ။ အမှန်တော့ ဒါဟာ လွဲမှားတဲ့ယူဆချက်ပါ။ ယုံတမ်းစကားပါ။

(၅)

လွဲမှားယုံကြည်နေကြတာကို အချက်အလက်နဲ့ အကျိုးအကြောင်းနဲ့ တုံ့ပြန်ရင် ပြေလည်သွားမှာပဲ လို့ လွယ်လွယ်ထင်ခဲ့ကြပါတယ်။ ဒါပေမဲ့ လွဲမှားယုံကြည်နေတာတွေကိုပဲ ထုံးတမ်းစဉ်လာ နားလည်လက်ခံမှုအဖြစ် တည်ဆောက်ပစ်လိုက်တဲ့အခါ (culturally construct) ဖြေရှင်းဖို့ အင်မတန်ခက်ခဲသွားပါတယ်။

(၆)

တကယ်တော့ ကွန်မြူနစ်ဝါဒနဲ့ တော်လှန်ရေးရဲ့ မျက်နှာစာမှာ ဂျူးတွေပဲ ရှိတာဆိုတဲ့ ယူဆချက်ဟာ မမှန်ပါဘူး။ ထရော့စကီး အပါအဝင် လူသိများတဲ့ဗော်ရှီဗစ် ခေါင်းဆောင်အချို့ဟာ ဂျူးတွေဖြစ်ပါတယ်။ သူတို့အားလုံးနီးနီးကို စတာလင်က သတ်ပစ်ခဲ့တာပါ။ ဗော်ရှီဗစ်ထဲမှာ ဂျူးပါဝင်မှုက ရာခိုင်နှုန်း အတော်နည်းပါတယ်။ လီနင်စတဲ့ ကွန်မြူနစ် (ဗော်ရှီဗစ်) ခေါင်းဆောင်တွေကိုလည်း ဂျူးတွေလို့ မှားယွင်းသတ်မှတ်ကြတာတွေရှိပါတယ်။

ရုရှားမှာ ကွန်မြူနစ် တော်လှန်ရေးအောင်မြင်သွားတဲ့နောက် ကွန်မြူနစ်ဝါဒဟာ ဥရောပတခွင်ကို ပျံ့နှံ့ဖို့ခြိမ်းခြောက်လာတဲ့အခါ အရင်ထဲက ကြောက်ရွံ့မုန်းတီးခံရတဲ့ ဂျူးတွေဟာ ဗော်ရှီဗစ်ဝါဒရဲ့ လက်သည်တွေအဖြစ် စွပ်စွဲမုန်းတီးခံရပြန်ပါတယ်။

(၇)

ဂျူး-ဗော်ရှီဗစ် အချိတ်အဆက်ကြီးဆိုတဲ့ အယူအဆဟာ တစ္ဆေတစ်ကောင်လို ဖြစ်လာပါတယ်။ နိုင်ငံရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှု ခြိမ်းခြောက်ခံရမှု အားလုံးရဲ့ ဇစ်မြစ်ဟာ ဂျူးတွေပဲရယ်လို့ အထင်ခံရပါတယ်။ အာရှက အရိုင်းအစိုင်းတွေ (Asiatic barbarism)၊ နိုင်ငံလုံခြုံရေးကို ထိပါးသူတွေ၊ သီးသန့်နေလိုတဲ့ လူမျိုးတွေ၊ လက်ရှိကြီးစိုးနေတဲ့ ဘာသာရေး ယဉ်ကျေးမှုကို ထိပါးလိုသူတွေ အဖြစ် အများကထင်မြင်ချက် သက်သက်နဲ့ စွပ်စွဲခံရသူတွေဖြစ်လာပါတယ်။

ဥရောပကို ခြိမ်းခြောက်နေတဲ့ တစ္ဆေကြီးဟာ ဂျူး-ဗော်ရှီဗစ် အချိတ်အဆက်ပဲရယ်လို့ ယုံကြည်မှုက နက်ရှိုင်းလာပါတယ်။

(၈)

အလယ်ခေတ် ဖိနှိပ်မှုတွေကနေ လွတ်မြောက်လာတဲ့ ဂျူးတွေဟာ ခေတ်သစ်ကုန်သွယ်စီးပွား လုပ်ငန်းတွေမှာ ဝင်လုပ်ရင်း အောင်မြင်လာကြပါတယ်။ အလယ်ခေတ်က ငွေတိုးချေးတဲ့ အမြတ်ကြီးစား ဂျူးဆိုတဲ့ တံဆိပ်ကနေ ၁၉ ရာစုအကုန်မှာ လောဘအတောမသတ်တဲ့ ဂျူးအရင်းရှင်ဆိုတဲ့ တံဆိပ်ကို ပြောင်းသွားပါတယ်။ မှောင်ခိုဈေးကွက်နဲ့ အမြတ်ကြီးစားတွေ စီးပွားရေးကို ခြိမ်းခြောက်နေသူတွေအဖြစ်၁၉၁၄ နောက်ပိုင်းမှာပိုပြီး ယူဆခံလာရပါတယ်။ အင်ပါယာတွေ ပြိုကွဲပြီးအမျိုးသား နိုင်ငံတွေတည်ဆောက်နေတဲ့ အချိန်မှာ ဂျူးတွေကိုအတွင်းရန်အဖြစ် ယူဆလာကြပြန်ပါတယ်။

(၉)

နိုင်ငံရေးဘက်မှာကျတော့လည်း ကက်သလစ် နိုင်ငံရေးပါတီတွေ၊ ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ပါတီ တွေက ဂျူးတွေကို လက်ခံကြိုဆိုတာမျိုး မရှိပါဘူး။ ဒါ့ကြောင့် လစ်ဘရယ်နဲ့ ဆိုရှယ်လစ်ပါတီတွေမှာ ပါဝင်ကြတဲ့ ဂျူးတွေက အချိုးအဆပိုများပါတယ်။ အဲဒီတော့လည်း လက်ဝဲ (လစ်ဘရယ်ဆိုရှယ်လစ်) အုပ်စုဆိုတာ ဂျူးတွေပါပဲလို့ ရှေးရိုးစွဲကွန်ဆာဗေးတစ်တွေက လက်ညှိုးထိုးလေ့ရှိပါတယ်။ ဒီနည်းအားဖြင့် ဂျူးတွေကို လူတွေစိတ်ထဲကနေ မနှစ်မြို့အောင် ဖယ်ကျဉ်ခံရအောင် (Stigmatize) လုပ်ကြပါတယ်။

၁၉၁၉ ဂျာမနီရွေးကောက်ပွဲမှာ လစ်ဘရယ်ဒီမိုကရက်တွေ၊ ဆိုရှယ်ဒီမိုကရက်တွေ၊ ကက်သလစ်တွေနိုင် ခဲ့တယ်။ ဝိုင်မာညွန့်ပေါင်း (Weimer Coalition) အဖြစ် ဝိုင်မာအခြေခံဥပဒေကိုအဓိကရေးဆွဲခဲ့တယ်။ ဒါကိုအင်မတန် မနှစ်သက်တဲ့ ဂျာမန်ကွန်ဆာဗေးတစ်တွေက ဂျူးရွေးကောက်ပွဲ (Jew election) လို့ အမည်တပ်ခဲ့တယ်။

(၁၀)

၂၀ ရာစုအစောပိုင်း ရုရှားပြည်တွင်းစစ်နဲ့ ကွန်မြူနစ် တော်လှန်ရေးအပြီးမှာ နေရာပျောက်တဲ့ ဂျူးဒုက္ခသည်တွေဟာ ဥရောပကိုရွှေ့လာကြတယ်။ ဒီအခါမှာလည်း ကျူးကျော်လာတဲ့ ကျွဲနွားအုပ်ကြီး၊ တော်လှန်ရေးအယူအဆတွေ သယ်လာမယ့် လူအုပ်ကြီးအဖြစ် အလွယ်တကူ ယူဆခံကြရပြန်တယ်။ ရုရှားကွန်မြူနစ်ခေါင်းဆောင်ကြီးတွေကလည်း ရုရှားတော်လှန်ရေးကို တစ်ကမ္ဘာလုံး တင်ပို့မယ်ဆိုတာမျိုး ကြွေးကြော်နေတဲ့အချိန်မျိုးမှာ ဥရောပနိုင်ငံတွေအနေနဲ့ ဂျူး-ဘော်ရှီဗစ် မဟာမိတ်ဆိုတဲ့ အယူမှားကို ပိုတိုးလို့ယုံကြည်ကြပြန်တယ်။

(၁၁)

စစ်ဖြစ်တဲ့အခါ ရန်သူလား၊ မိတ်ဆွေလား ထင်ယောင်ထင်မှားဖြစ်တဲ့ ကိစ္စတွေ၊ အပြုအမူ အပြောအဆိုတွေကို အကဲဆတ်တဲ့ သက်္ကာမကင်းကိစ္စ ဖြစ်လာတတ်ပါတယ်။ ပထမကမ္ဘာစစ်ဖြစ်တဲ့အခါ ရုရှား ဇာ ဘုရင်ရဲ့ စစ်တပ်ဟာ ဂျူး ငါးသိန်းကနေ တစ်သန်းအထိကို တိုက်ပွဲနေရာတွေကနေ ရွှေ့ပြောင်းပစ်ခဲ့တယ်။ ရုရှားစစ်တပ် ကိုကြောက်လို့ အော်စတို-ဟန်ဂေရီအင်ပါယာ (Austro-Hungarian Empire) အရှေ့ပိုင်းဒေသတွေ က ဂျူးတွေဟာ ဗီယင်နာတို့ ဘူဒါပက်စ်တို့လို လုံခြုံမယ်ထင်တဲ့ မြို့ပြတွေကို ရွှေ့ဝင်လာကြတယ်။ ဒီမှာတင်အရင်ကရှိတဲ့ မယုံကြည်တာ၊ မုန်းတာ၊ ကြောက်တာတွေက ပိုကြီးလာပြန်တယ်။

(၁၂)

အရှေ့ဥရောပရဲ့ အတောမသတ်တဲ့ စစ်ပွဲတွေမှာ ဂျူးတွေကို အချုပ်အခြာအာဏာထိပါးမယ့် လူတွေအဖြစ် ထိတ်လန့်ခြင်း (Sovereignty Panic) ကြီးလာတဲ့အခါ ရန်လုပ်သတ်ဖြတ် ခံရတာတွေလည်း ပိုများလာတယ်။ အထူးသဖြင့် ပိုလန်၊ ဟန်ဂေရီ၊ ရိုမေးနီးယားနဲ့ ယူကရိန်းက ဂျူးတွေအတွက် မသက်သာလှဘူး။

သတ်ဖြတ်ရက်စက်မှုတွေကြောင့် မလုံခြုံတဲ့အခါ လူနည်းစု အခွင့်အရေးတွေကို စာချုပ်စာတမ်းနဲ့ ကာကွယ်ပေးဖို့ ဂျူးတွေဟာ မဟာမိတ်နိုင်ငံကြီးတွေကို ပထမကမ္ဘာစစ်အပြီးမှာ တောင်းဆိုစည်းရုံးကြတယ်။ ဒါကို သက်ဆိုင်ရာ နိုင်ငံတွေက အချုပ်အခြာထိပါးမှု၊ အမေကျော်ဒွေးတော်လွမ်း သစ္စာမဲ့မှုအဖြစ် မှတ်ယူကြပြန်ပါတယ်။ ဒီမှာတင် ဒီလူတွေကို နှိမ်ထားတာမှန်တယ်၊ ဒီလူတွေကို နှိမ်ထားမှဆိုတဲ့ အဆိုးကျော့သံသရာ လည်ပြန်ပါရော။

(၁၃)

တကယ်တော့ မဟာမိတ်နိုင်ငံကြီးတွေက လူနည်းစု အခွင့်အရေးကိစ္စထက် ကွန်မြူနစ်ဝါဒ မပြန့်ပွားရေးကို ပိုစိတ်ဝင်စားတာပါ။ ဒီတော့ ဂျူးတွေအခွင့်အရေး ဆုံးရှုံးနေတာကို မမြင်ချင်ယောင်၊ မသိချင်ယောင်ဆောင်ပေးကြတာပါပဲ။ ဥပမာ- ဆိုဗီယက်ကို ရင်ဆိုင်ဖို့ပိုလန်ကို မဟာမိတ်တပ်တွေက စစ်လက်နက် အကြီးအကျယ် ထောက်ပံ့နေတဲ့အချိန်မှာ ပိုလန်စစ်တပ်ထဲက ဂျူးစစ်သား အများအပြား ဖမ်းဆီးခံထားရပါတယ်။ ဒါပေမဲ့ မဟာမိတ်တွေက ဘာမှပြောပါဘူး။ ခုထိပြောခဲ့သမျှ အားလုံးက ဟစ်တလာမပေါ်ခင်က ဖြစ်ခဲ့တာတွေပါ။

(၁၄)

ဂျာမနီမှာ ဟစ်တလာ တက်လာတဲ့အခါ သူဟာ ဂျူး-ဇော်ရှိဗစ် ပူးပေါင်းကြံစည်မှု အယူအဆကို ယုံကြည်ရုံတင်မက မဟာဂျာမန်လူမျိုးကြီးဝါဒနဲ့ပါ ပေါင်းစပ်လိုက်ပါတယ်။ ဥရောပအရှေ့ပိုင်းမှာ ဂျာမန်တွေအတွက် နေရာရှိရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နယ်မြေသိမ်းစစ်ပွဲ ဆင်နွှဲပါတယ်။ ဂျူးလူမျိုးတွေကို မျိုးတုံးသတ်ဖြတ်ဖို့ မူဝါဒတွေထုတ်ပါတယ်။ အရှေ့ဥရောပနိုင်ငံတွေက ပုံစံအမျိုးမျိုးနဲ့ တုံ့ပြန်ကြပါတယ်။ ဟန်ဂေရီက ဂျာမနီနဲ့ မဟာမိတ်ဖွဲ့ပြီး ဂျူးတွေကို ခွဲခြားဆက်ဆံမှု အရှိန်မြှင့်တယ်။ ရိုမေးနီးယားကလည်း ဂျူး ၃ သိန်းလောက်ကို သတ်ပြခဲ့ပြီး ဂျာမနီနဲ့အတူ တိုက်ပွဲဝင်တယ်။

ပိုလန်မှာကတော့ အခြေအနေတစ်မျိုးပါ။ ပိုလန်ကို ရုရှားနဲ့ ဂျာမနီက နှစ်ခြမ်းခွဲ ယူလိုက်ကြတယ်။ဟစ်တလာ လက်အောက်မှာထက် စတာလင်လက် အောက်မှာ ပိုသက်သာနိုင်တာကိုသိတဲ့ ပိုလန်ဂျူးတွေက ပိုလန်အနောက် ပိုင်းကနေ အရှေ့ပိုင်းကို ပြောင်းရွှေ့ ခိုလှုံကြတယ်။ ဒါက ပိုလန်လူထုရဲ့ ဂျူးနဲ့ ကွန်မြူနစ် အတူတူပဲဆိုတဲ့ ထင်မြင်ချက်ကို ပိုခိုင်မာသွားစေပြန်ပါတယ်။

(၁၅)

ဂျူး-ကွန်မြူနစ် ပူးပေါင်းကြံစည်မှု အယူအဆ ဟာ ဂျာမနီမှာ အမြစ်တွယ်နေတာဟာ ဟစ်တလာရဲ့ရုရှား ချေမှုန်းရေးစစ်ပွဲနဲ့ ဂျူးနှိပ်ကွပ်ရေး လူသတ်ယန္တရားကို လွယ်ကူစေခဲ့ပါတယ်။ နာဇီတွေကသူတို့ရဲ့ စစ်ပွဲဟာ အနောက်တိုင်းယဉ်ကျေးမှုအတွက် ကာကွယ်စစ်ဖြစ် တယ်လို့ သရုပ်ဖော်ပါတယ်။

ဂျူးလူမျိုးတွေကို အစုလိုက်သတ်ဖြတ်ရာမှာ အ ဆိုးရွားဆုံးထဲက တစ်ခုဖြစ်တဲ့ ယူကရိန်းနယ်မြေထဲ က ဘာဘီယား (Babi Yar) လူသတ်ပွဲအပြီး နှစ်ပတ်အကြာမှာ ဂျာမန်ဗိုလ်ချုပ်ဒေါက်တာ မွန်ရိုက်ချ် (Walter von Reich enau) က ခုလိုညွှန်ကြားခဲ့ပါတယ်။

'ဂျူး-ဗော်ရှီဗစ် စနစ်ကြီး ချေမှုန်းရေးရဲ့အဓိက ရည်မှန်းချက်က ဥရောပ ယဉ်ကျေးမှုမျက်နှာစာမှာ အရှေ့ ဖျား ဩဇာတွေ နိဂုံးချုပ်ရေးပဲ။ အရှေ့ဖျား ဂျူး အန္တရာယ် (Asiatic-Jewish) ကင်းစင်တဲ့ ဂျာမန်လူ့အဖွဲ့အစည်း ဖြစ် လာဖို့ အတွက် လူမဟုတ်တဲ့ ဂျူးတွေကို ထိုက်တန်တဲ့ ပြင်း ထန်တဲ့ အပြစ်ဒဏ်တွေပေးရမယ်။'

(၁၆)

၁၉၄၁ စက်တင်ဘာ ၂၄-၂၆ ရက်တွေမှာ ဂျာမန်စစ်တပ်အရာရှိ ၆၁ ယောက်ကို အက်စ်အက်စ် (SS) အရာရှိတွေက ဖိတ်ကြားရှင်းလင်းပါတယ်။ ရှင်းလင်းချက်ရဲ့ အနှစ်ချုပ်ကို အောက်ပါ ညီမျှခြင်း တစ်ခုတည်းနဲ့ ပြနိုင်ပါတယ်။

ဂျူး = ဗော်ရှီဗစ် = သူပုန်
Jew = Bolshevik = Partisan

ရှင်းလင်းပွဲမှာ အနီးအနားရွာကဂျူး ၃၂ ယောက်ကို လက်တွေ့သတ်ဖြတ် ပြတာလည်းပါပါတယ်။ ဂျူး၊ ဗော်ရှီဗစ် (ကွန်မြူနစ်)၊ သူပုန်ဆိုပြီး ဆက်စပ်ပေး လိုက်တာရဲ့ ရလဒ်ကို ဟင်းမ်လားက ဟစ်တလာဆီကို ၁၉၄၂ ဒီဇင်ဘာ ၂၉ နေ့စွဲနဲ့ပို့တဲ့ အစီရင်ခံစာတွေမှာ တွေ့နိုင်ပါတယ်။ ဩဂုတ်လကနေ နိုဝင်ဘာလအထိ သူပုန်နှိမ်နင်းရေး လှုပ်ရှားမှုမှာ သုတ်သင်ခဲ့တဲ့ အရေအတွက်ကိုဖော်ပြထားတာပါ။

- ဓါးပြ ၁၃၃၇ တိုက်ပွဲတွင်း သေ။
- ၇၃၇ တိုက်ပွဲအပြီးတွင် သေ။
- ၇၈၂၈ စစ်ကြောရေးတွင် သေ။
- ၁၄၂၅၆ ကြံရာပါအဖြစ် သံသယရှိ၍ သုတ်သင်
- ဂျူး ၃၆၃၂၁၁ သုတ်သင်။

(၁၇)

ဒုတိယကမ္ဘာစစ်ပြီးတဲ့အခါ နာဇီဂျာမနီတို့ အရေးနိမ့် သွားပေမဲ့ ထူးဆန်းတာက ဂျူးကွန်မြူနစ် ပူးပေါင်းကြံစည်မှုဆိုတဲ့ အယူအဆက ပုံစံတစ်မျိုးနဲ့ ဥရောပမှာ ဆက်လက်ရှင်သန်နေတယ်။ အထူးသဖြင့် ရုရှားသြဇာအောက်ရောက်သွားတဲ့ ကွန်မြူနစ်နိုင်ငံတွေမှာ ဖြစ်ပါတယ်။ ကွန်မြူနစ်အစိုးရများအပေါ် လူထုမုန်းတီးမှုက ဂျူးနှင့် ကွန်မြူနစ် ပူးပေါင်းကြံစည်နေမှုဆိုတဲ့ အယူအဆကို ဆက်လက်တည်ရှိနေစေပါတယ်။ တစ်ဘက်မှာ ကွန်မြူနစ်အစိုးရတွေက မိမိတို့ကို ဂျူးများနှင့်တွဲပြီး တံဆိပ်ကပ်ဖော်ပြနေတာကို ဖယ်ရှားဖို့ကြိုးစားကြပါတယ်။ ပိုလန်အစိုးရဟာ လက်ကျန်ဂျူးများကို နိုင်ငံကနေ ထွက်ခွာခွင့်ပေးလိုက်တယ်။ ဒါကြောင့် ပိုလန်အစိုးရ အနေဖြင့် ဂျူးတွေကို ကာကွယ်ပေးနေဖို့ မလိုတော့ပါ။ လူသိများတဲ့ဂျူးကွန်မြူနစ် ရူးဒေါ့စလန်စကီး (Rudolf Slansky) နှင့် လုပ်ဖော်ကိုင်ဖက်များကို ချက်နိုင်ငံ ပရက်မြို့မှာ တရားစွဲသတ်ဖြတ်ခဲ့ပါတယ်။ ရိုမေးနီးယား၊ အရှေ့ဂျာမနီမှာလည်း ရှင်းလင်းမှုများလုပ်ခဲ့ပါသည်။ ရုရှားမှာ စတာလင်သေဆုံးသွားလို့သာ ဂျူးဆန့်ကျင်ရေးအကြမ်းဖက် ပေါက်ကွဲမှုကြီး မပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါတင်မက ပါတီတွင်းအားပြိုင်မှုများမှာ ဂျူးဆန့်ကျင်ရေးကို အသုံးချ ကြပါသေးတယ်။

(၁၈)

အနောက်ဥရောပနိုင်ငံများမှာတော့ ပုံစံတစ်မျိုးဖြစ်ပါတယ်။ ကွန်မြူနစ်ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် အာဏာရှင်ဆန့်ကျင်ရေးကို တွဲစပ်လိုက်ပါတယ်။ ဂျူး-ကွန်မြူနစ် တွဲစပ်ရှုမြင်မှုက ပျောက်ကွယ်လာပါတယ်။ ဂျာမန်အမျိုးသားရေး၊ အာဏာရှင်စနစ်တည်ဆောက်ရေး၊ ဂျူးဆန့်ကျင်ရေး တို့တွေမှာ နာဇီ တွေနဲ့ အတူပါခဲ့တဲ့ ဂျာမန်ဘုရား ကျောင်းများကလည်း အာဏာရှင်စနစ်ကို ဆန့်ကျင်တဲ့၊ ဘုရားမဲ့ ကွန်မြူနစ်များကို ဆန့်ကျင်တဲ့ ခရစ်ယာန် ဒီမိုကရက်များအဖြစ်မိမိကိုယ်ကို ပုံဖော်ကြပါတယ်။

(၁၉)

၁၉၈၉မှာ ဘာလင်တံတိုင်းပြိုပြီး ကွန်မြူနစ်စနစ် ကျဆုံးသွားတဲ့အခါ အရှေ့ဥရောပမှာ မည်သည်ကိုပို၍အမှတ်ရကြမည်ဆိုတဲ့ အမှတ်သညာတို့ရဲ့ စစ်ပွဲ (memory war) လို့ ရည်ညွှန်းကြတဲ့ အားပြိုင်မှု ပေါ်လာပါတယ်။ နာဇီတို့ရဲ့ ဂျူးများအပေါ် ရက်စက်မှုကို အမှတ်ရကြမှာလား။ ကွန်မြူနစ် အာဏာရှင်များ၏ ရက်စက်မှု တို့ကိုပို၍ အမှတ်ရကြမှာလားဆိုပြီး ငြင်းခုံကြတဲ့ကိစ္စဖြစ်ပါတယ်။ အရှေ့ဥရောပသားတွေက မိမိတို့ဟာ စတာလင်လက်အောက်မှာရော၊ ဟစ်တလာလက်အောက်မှာပါ နှစ်ခါနာရသူများ ဖြစ်တယ်ဆိုတဲ့ အမြင်မျိုးရှိပါတယ်။ ဂျူးတွေဟာ ထင်သလောက် အပြစ်ကင်းသူများ မဟုတ်ကြဘူး၊ ကွန်မြူနစ်စိုးမိုးမှုမှာ ကြံရာပါဖြစ်တယ်ဆိုတဲ့ အယူအဆက တည်ရှိနေဆဲဖြစ်ပါတယ်။

(၂၀)

ဒီနေ့ကမ္ဘာမှာ ဂျူးဆန့်ကျင်ရေးဝါဒ ပုံသဏ္ဍာန်တွေ ကျန်ရှိနေပေမဲ့ ဂျူး-ဗော်ရှီဗစ်(ကွန်မြူနစ်) ကြံစည်မှုကြီး ဆိုတဲ့ ထိတ်လန့်မှုမျိုး ရှိမနေတော့ပါ။

ဂျူး-ဗော်ရှီဗစ် တစ္ဆေခြောက်လှန့်မှုကြောင့် သမိုင်းဖြစ်ရပ်ဆိုးများစွာ ကမ္ဘာမှာ ကြုံခဲ့ရပါတယ်။ လွဲမှားတဲ့ယူဆချက်တွေကို မည်သို့မည်ပုံ ယုတ္တိမရှိကြောင်းကို စာရင်းဇယား၊ အချက်အလက်များ တင်ပြနိုင်ပေမဲ့ လွယ်လင့်တကူ သက်သေထူ၍မရတတ်တဲ့ အခြေအနေတွေရှိပါတယ်။ ခိုင်ခန့်တဲ့ အချက်အလက်တွေနဲ့ ဘယ်လိုပဲ ချေဖျက်နိုင်ကြပေမဲ့ လွဲမှားခံယူထားချက်တွေကို ပြောင်းမပစ်နိုင်တာကို တွေ့ခဲ့ကြရပါတယ်။

အစွန်းရောက်များ၊ ရန်သူနဲ့ပူးပေါင်းကြံစည်သူများ၊ မိမိတို့ ဓလေ့ထုံးတမ်းကို ဖျက်မည့်သူများ၊ မိမိတို့ကိုးကွယ်ရာဘာသာကို မှေးမှိန်အောင်လုပ်မည့်သူများ၊ အချုပ်အခြာ အာဏာထိပါးမည့်သူများစတဲ့ ထင်ရာစွဲတံဆိပ်ကပ်မှုတွေနဲ့ ပြည့်နေတဲ့ ဒီနေ့ကမ္ဘာမှာလည်း ဘယ်လိုတုံ့ပြန်ကြမလဲဆိုတဲ့ စိန်ခေါ်မှုကိုကြုံနေရပါတယ်။ လွဲမှားနားလည်မှုကြောင့် ကြေကွဲစရာတွေ ကြုံရပုံကိုတော့ သမိုင်းသင်ခန်းစာက ထင်လင်းပြီးသားဖြစ်ပါတယ်။

# အခန်း(၅)
# နောက်ကွယ်က ပူးပေါင်းကြံစည်သည်ဟူသော လွဲမှားယူဆချက်များ

## ၁။ ဂျူးလူကြီးများ၏ အကြံအစည် စာတမ်း
(Protocols of the elders of Zion)

ပထမကမ္ဘာစစ်တွင် ဂျာမန်တို့ စစ်ရှုံးရသည်မှာ ဂျူးလူမျိုးများ ပြင်သစ်၊ အင်္ဂလန်တို့နှင့်ပူးပေါင်း ကြံစည်ခဲ့၍ဖြစ်သည်၊ အထောက်အထားအနေနှင့် "ဂျူးလူကြီးများ၏ အကြံအစည်စာတမ်း"ကို ကြည့်နိုင်သည်ဟု ဂျာမန်ထိပ်တန်း စစ်အရာရှိ လူဒင်ဒေါ့ဖ် (Ludendorff) က ၁၉၁၉ တွင် ပြောခဲ့သည်။ လူဒင်ဒေါ့ဖ် ရည်ညွှန်းသည့် စာတမ်းမှာ ဂျူးခေါင်းဆောင်များ၏ ကမ္ဘာကိုသိမ်းယူရေး လျှို့ဝှက် အစည်းအဝေးမှတ်တမ်းဟု ယူဆကြသည့် စာတမ်းဖြစ်သည်။

အမှန်တွင် ထိုစာတမ်းမှာ လုပ်ကြံဖန်တီးထားသောစာတမ်းဖြစ်သည်။ ဂျူးမုန်းတီးရေး ရည်ရွယ်ချက်ဖြင့် ၁၈၉၇-၁၈၉၉ နှစ်ကာလများတွင် ရုရှားလျှို့ဝှက်ရဲတပ်ဖွဲ့က ရေးသားခဲ့ခြင်းဖြစ်သည်။ အစပိုင်းတွင် လူအနည်းငယ်သာ သိကြသော်လည်း ပထမကမ္ဘာစစ်အပြီးတွင် အလွန်ကျယ်ပြန့်သွားသည်။ ကမ္ဘာစစ်နှင့်စီးပွားရေးပျက်ကပ်ဖြစ်မည့် အခြေအနေကို စာတမ်းတွင် နိမိတ်ဖတ်ထားပြီးဖြစ်သည်ဟု ယုံကြည်သူ အများအပြားရှိသည်။ စာတမ်း၏ ယေဘုယျဆန်သော အရေးအသားကို ဖြစ်ပျက်ပြီးသွားသည်များနှင့် ဆက်စပ်၍ မှန်သည်ဟု အများက ယုံကြည်ကြခြင်းဖြစ်သည်။

သို့ရာတွင် ထိုအချိန်က ဤစာတမ်းမှာ အခြားစာအုပ်နှစ်အုပ်မှ စာသားများကို ခိုးယူပြောင်းလဲထားခြင်း

သာ ဖြစ်ကြောင်းကို ၁၉၂၁ ဩဂုတ်လတွင် ဩဇာအကြီးဆုံး သတင်းစာတစ်စောင်ဖြစ်သော လန်ဒန်စံတော်ချိန် သတင်းစာ (Times of London) ကအထောက် အထားနှင့် ဖော်ပြခဲ့သည်။ သို့ရာတွင် အချက်အလက်များက လူများ၏ ထင်မြင်ချက်ကို မပြောင်းလဲနိုင်ခဲ့ပေ။

စာတမ်းသည် နိုင်ငံတကာသို့ပင် ပြန့်နှံ့သွားသည်။ အာရှ ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အမေရိကတွင်ပါ ပုံနှိပ်ဖြန့်ချိခဲ့ကြသည်။ နောင်တွင် ဝါဒဖြန့်ချိရေးဝန်ကြီးဖြစ်လာမည့် ဂိုးဆက်ဂိုဘဲယ်က နေ့စဉ်မှတ်တမ်းထဲတွင် "ဂျူးခေါင်းဆောင်များရဲ့ အကြံအစည် စာတမ်းဟာ အတုလို့ ယုံကြည်တယ်။ ဒါပေမဲ့ အကြောင်းအချက်မမှန်သော်လည်း အနှစ်သာရတော့ မှန်လိမ့်မယ်"ဟု ရေးသားခဲ့သည်။ ဟစ်တလာ၏ မိန်းကန့် စာအုပ်တွင်လည်း ထိုစာတမ်းကို ကိုးကားထားသည်။ နာဇီတို့ အာဏာရလာသောအခါ ၁၉၃၃ မှ သည် ဒုတိယကမ္ဘာစစ် မတိုင်မီအထိ စာတမ်းကို ၂၃ ကြိမ်ရိုက်ခဲ့သည်။

၁၉၂၀ ကျော်နှစ်များတွင် ဂျာမနီ၌ ဂျူးလူမျိုး ၅ သိန်းခန့်နေထိုင်၍ နိုင်ငံလူဦးရေ စုစုပေါင်း ၆၁ သန်းခန့်တွင် တစ်ရာခိုင်နှုန်းပင် မပြည့်ပေ။ သို့ရာတွင် တင်ကြိုရှိနှင့်ပြီးသား ဂျူးလူကြီးတို့၏ အကြံအစည် စာတမ်းနှင့် အခြားသော ဂျူးဆန့်ကျင်ရေးစိတ်များ ကျယ်ပြန့်နေမှုက "ဂျူးတို့သည် နေရာတကာတွင် ရှိသည်။ ဂျာမနီ၏ ပြဿနာတိုင်းအတွက် တာဝန်ရှိသည်"ဟူသော အမြင်ကိုဖြစ်စေသည်။

၂။ လွဲမှားယူဆချက်များ အဘယ့်ကြောင့် ပျံ့နှံ့ရသနည်း။

ဂျူးများကို မသုတ်သင်မီကာလများတွင် ဂျာမနီအပါအဝင် ဥရောပနိုင်ငံများ၌ လူ့အဖွဲ့အစည်းကိုအခက်တွေ့ရအောင် ဂျူးများက နောက်ကွယ်မှ ပူးပေါင်းကြံစည်နေသည်ဟူသည့် လွဲမှားယူဆချက်များစွာ ပျံ့နှံ့နေခဲ့ပါသည်။ ဂျူးများနှင့် ဖော်ရှီဗစ်များ၏ ပူးပေါင်းကြံစည်မှု၊ ဂျူးလူကြီးများ ကမ္ဘာသိမ်းရန် အကြံစသည့် ယူဆချက်များသည် လူ့အသက်များစွာကို ခြေဖျက်၍ သမိုင်းဖြစ်ရပ်ဆိုးများ ဖန်တီးနိုင်ကြောင်းကိုလည်း သိရှိခဲ့ကြပြီးဖြစ်ပါသည်။ လူအများကြားတွင် လွဲမှားသောအယူများ စနစ်တကျ ပျံ့နှံ့စိမ့်ဝင်နေအောင် အာဏာစွဲကိုင်ထားသူများ၊ အင်အားကြီးသူများ၏ အကွက်ကျကျ ကြိုးကိုင်မှုများလည်း ကမ္ဘာတွင်ရှိခဲ့ကြပါသည်။

လွဲမှားယူဆချက်များ ပျံ့နှံ့လေ့ရှိသည့် အကြောင်းရင်း (၃) ခုကို ပညာရှင်များက အောက်ပါအတိုင်း ဖော်ပြထားပါသည်။

## ၁။ ကိုယ့်အုပ်စု၊ သူ့အုပ်စုရှိတတ်သည့် သဘော
Perceived Intergroup Conflict

လူသည် လူမှုရေး သတ္တဝါဖြစ်သောကြောင့် တူရာစုကြရာမှ ငါတို့အစုအဖွဲ့၊ သူတို့အစုအဖွဲ့ ဟူ၍ဖြစ်လာမြဲဖြစ်သည်။ တစ်ချိန်တည်းတွင် ငါတို့နှင့် မတူသူများကို ပြင်ပအုပ်စုများဟု အမည်တပ်ခြင်းလည်း ရှိလာသည်။

မရေရာမှုနှင့် စိုးရိမ်စိတ်မြင့်တက်လာကြသော အချိန်မျိုးတွင် ထို "ငါတို့ သူတို့" ဟူသော အုပ်စု စိတ်ဓါတ်လည်း အရှိန်မြင့်လာတတ်သည်။ တစ်ချိန်တည်းတွင် ပြင်ပအုပ်စုအပေါ် မယုံသင်္ကာစိတ်လည်း ကြီးလာလေ့ရှိသည်။ အထူးသဖြင့် မိမိအုပ်စုဘက်မှ ထိခိုက်နစ်နာမှုများ ရှိသည်ဟု ယူဆသောအခါ တစ်ဘက်အပေါ် အပြစ်တင်ခြင်း၊ မရိုးမသားပူးပေါင်းကြံစည်မှုများ ရှိနေသည်ဟု ထင်လာခြင်းများ ဖြစ်လေ့ရှိသည်။

ကိုယ့်အုပ်စုကို ကာကွယ်လိုသည့်စိတ် အရင်းခံဖြင့် တကယ်ရှိသည့် အန္တရာယ်ကို မြင်ကြခြင်းများ ရှိသတဲ့သို့ လွဲမှားထင်မြင်မှုကြောင့် မှားယွင်းကြသည်လည်း ရှိသည်။

## က။ ဆက်စပ်ပုံဖော် မှန်းဆစိတ်ကူးတတ်သည့် လူ့သဘော

Pattern perception and agency detection

လူတို့တွင် ဆက်စပ်ပုံဖော်တတ်သည့် စိတ်အရည်အသွေးနှင့် အခြားသူများ၏မြင်မည့် ပုံသဏ္ဍာန်ကို မှန်းဆစိတ်ကူးကြည့်တတ်သည့် အရည်အသွေးရှိကြသည်။ ထိုသို့သော လူ့စိတ်သဘာဝတို့ကြောင့်ပင် လူတို့သည် ဘေးကင်းလုံခြုံရာကို တွက်ဆနိုင်ကြသည်။ဥပမာ -ခါတ်ဆီဆိုင် အနီးအနားတွင် မီးခြစ်သုံးလျှင် ဖြစ်လာနိုင်သည့် အန္တရာယ်ကို စိတ်က ဆက်စပ်ပုံဖော် မိပြီးဖြစ်၍ ရှောင်ရှားနိုင်သည်။

မရေရာမှုနှင့် ကြောက်စိတ်ကြီးစိုးနေသောအခါတွင်မူ ဆက်စပ်ပုံဖော်တတ်သည့် စိတ်အရည်အသွေးနှင့် မှန်းဆ စိတ်ကူးကြည့်ပုံတို့မှာ အလွဲလွဲအချော်ချော် ဖြစ်လာတတ်သည်။ ထိုအခါ ကြုံရာကျပန်းပေါ်လာသည်များကို မိမိစိတ်ကူးဖြင့်တွဲစပ်လျှက် ဆက်စပ်မှုများအဖြစ် လွဲမှားပုံဖော်မိစေသည်။ ဖိအားနှင့် ကြောက်စိတ်ရှိသောအခါ အခြားဘက်၏ စွမ်းနိုင်မှု စသည်တို့ကို လွဲချော်စွာ တွက်ဆကြသည်။ ဥပမာ-မိမိခေါင်းဆောင်၏ အားကိုးနိုင်မှုကို ပိုတွက်ခြင်း (သို့မဟုတ်) အခြားခေါင်းဆောင်၏ ဆိုးကျိုးပေးနိုင်မှုကို ပိုတွက်ခြင်းတို့ဖြစ်သည်။

ထိုအခါ နောက်ကွယ်က လက်မည်းကြီး၊ ပူးပေါင်းကြံစည်မှုကြီး အစရှိသော အယူအဆအလွဲများ ပိုမိုများပြား ခိုင်မာလာရန်အထောက်အကူပြုတော့သည်။

# အခန်း(၆)
# ဘေးအန္တရာယ်ရှိသည့်စကားများ

## ဂ။ ပြင်းထန်သည့် အယူဝါဒ ခံယူချက်များ

Strong ideology

လူတို့သည် အမှန်အမှားခွဲခြားရန်၊ အကောင်းအဆိုးချင့်ချိန်နိုင်ရန် အလို့ငှာ အယူဝါဒများဖြင့် ဆွဲကိုင်တိုင်းတာ အကဲဖြတ်ကြလေ့ရှိသည်။ အယူဝါဒ စွဲကိုင်မှုနှင့် ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့အမြင်တူညီကြမည် မဟုတ်ပေ။ မိမိ၏ အယူဝါဒအပေါ် ယုံကြည်ဆုပ်ကိုင်မှု ပြင်းထန်လာသောအခါ အခြားအခြားသော အမြင်ရှိသူများကို လက်မခံနိုင်စရာဖြစ်လာလေ့ရှိသည်။ မိမိ၏ စွဲကိုင်ယုံကြည်မှုသည်သာ တစ်ခုတည်းသောအမှန်တရားအဖြစ် အစွန်းရောက်သွားတတ်ကြသည်။

မရေရာမှုနှင့် စိုးရိမ်မှုတို့များလာသော အချိန်မျိုးတွင် ထိုဝါဒရေးရာအစွန်းရောက်မှု ပိုကြီးလာတတ်သည်။ မရေရာမှုများလာသော အခြေအနေတွင် သေချာနိုင်သည်တို့အပေါ် ပိုမိုအားပြုလာသော သဘောရှိခြင်းကြောင့်လည်း ဖြစ်သည်။ ထိုသို့သေချာသည်ဟု ထင်မြင်နေသည်များထဲတွင် မိမိဆုပ်ကိုင်သော အယူဝါဒရေးရာတို့ ပါလာလေ့ရှိသည်။

အယူဝါဒရေးရာ ပြင်းထန်လာလေ ငါ့အုပ်စု သူ့အုပ်စုဟူသည် ကွဲပြားမှု ကြီးမားလာလေဖြစ်သည်။ ထိုအခြေအနေသည် အထက်တွင် ဖော်ပြထားသကဲ့သို့ မိမိတို့ပျက်စီးရာ ပျက်စီးကြောင်းကိုနောက်ကွယ်မှ ပူးပေါင်း ကြံစည်နေမှုရှိနေသည်ဟူသော လွဲမှားယုံကြည်ခြင်းများလည်း ဖြစ်လာစေတော့သည်။

## ၁။ သိမ်းကျုံးအပြစ်တင်သည့် စကားများ

ပစ်မှတ်ထားသော လူအစုအဖွဲ့တစ်ခုလုံးမှ လူများသည် အတိတ်ကာလတွင် ဖြစ်ခဲ့သောဖြစ်ရပ်များအတွက် အပြစ်ရှိသည်ဟူသော စကားများပေါ်ထွက်လာခြင်းက အန္တရာယ်ကြီးပါသည်။ ၎င်းတို့မှာအတိတ် အဖြစ်အပျက်အတွက် အပြစ်ရှိသောကြောင့် ၎င်းတို့အပေါ် အကြမ်းဖက်ခြင်းမှာ မှန်ကန်မျှတသည်ဟူသော ကောက်ချက်ဆီသို့ အလိုလိုရောက်ရှိ စေမည့်နည်းဖြစ်သည်။ ခေါင်းဆောင်များသည် မိမိတို့နောက်လိုက်များ စိတ်ထဲသို့ ထိုသို့သောအယူအမြင်များကို ထည့်သွင်းပေးထားလေ့ရှိသည်။ ရဝမ်ဒါဂျီနိုဆိုက်တွင် ဟူတူအမျိုးသားရေး မဂ္ဂဇင်း "Kargure" က ဤကဲ့သို့ ရေးသား၍ နောက်လိုက်များကို လှုံ့ဆော်ခဲ့ပါသည်။

"ပြောပြလို့မရနိုင်လောက်တဲ့ ပြစ်မှုတွေကို ပိုးဟပ် တွေ (တွတ်စီများ) ကျူးလွန်ခဲ့တယ်။ ဒီနေ့ခေတ် တွတ်စီတွေရဲ့ အဘိုးအဘွားတွေဟာ သတ်ဖြတ်၊ ဖျက်ဆီး၊ မုဒိန်းကျင့်တာတွေလုပ်ခဲ့တယ်။"

ပစ္စုပ္ပန်မျိုးဆက်များသည် အတိတ်ပြစ်မှုများ (အမှန်တကယ်ဖြစ်စေ၊ ဖန်တီး၍ဖြစ်စေ) အတွက်တာဝန်ရှိသည်ဟူသော လှုံ့ဆော်ချက်အပြင် တစ်စုံတစ်ယောက်၏ လုပ်ရပ်အတွက် တစ်ဖွဲ့လုံးတွင် တာဝန်ရှိသည် ဟူသောစွပ်စွဲချက်မှာလည်း အန္တရာယ်ကြီးသည်။ မိမိအုပ်စုမှ တစ်စုံတစ်ယောက်၏ မှားယွင်းသောအခါ ထိုသူလုပ်ရပ်မှာ မိမိတို့ အဖွဲ့နှင့်မဆိုင်ဟု ပြောလေ့ရှိသော်လည်း အခြား

အစု အဖွဲ့မှတစ်စုံတစ်ယောက်က အများကျူးလွန် သော အခါ တစ်ဖွဲ့လုံး၏ တာဝန်ဟုသိမ်းကျုံးအပြစ်တင်ခြင်း သည် ၎င်းတို့အဖွဲ့လိုက်ကို ဖျက်ဆီးပစ်ရမည်ဟူသော အယူအမြင်သို့ ဦးတည်သွားရန်ရှိသည်။

သတိပြုရန်မှာ အများပြည်သူ၏ အာရုံတွင်အစု အဖွဲ့ တစ်ခုလုံးသည် အပြစ်ရှိသူများ၊ အန္တရာယ်ရှိသူများ ဟူ၍ အာရုံဝင်သွားတတ်သည့် အန္တရာယ်ဖြစ်သည်။ တစ်စုံတစ်ယောက်၏ လုပ်ရပ်ကို "ဂျူးများ"၊ "တွတ်စီ" များ၊ "မူဆလင်များ" ဟူ၍သာ အကြိမ်ကြိမ်ရည်ညွှန်းရေး သားဟောပြောနေသောအခါ သက်ဆိုင်ရာ အစုအဖွဲ့အ ဝင်အားလုံးကို တစ်မျိုးတစ်စားတည်းဟု ယူမှတ်၍တိုက် ခိုက်ခြင်းများဖြစ်လာတတ်သည်။

## ၂။ ခြိမ်းခြောက်နေသည့် အန္တရာယ်ဟု ဖန်တီးပြောဆိုသောစကားများ

အတိတ်ဖြစ်ရပ်များကို ရည်ညွှန်းသည့်စကားများထက် ပိုမိုအားကြီးသည်မှာ အစုအဖွဲ့တစ်ခုက အနာဂတ်အတွက် ခြိမ်းခြောက်မှုဟူသော စကားများဖြစ်သည်။ ပစ်မှတ်ထား တိုက်ခိုက်လိုသည့်အစုအဖွဲ့ကို အနာဂတ်တွင် အန္တရာယ်ပေးမည့် သူများဟု ဟောပြောရေးသားချက်များကို ဆိုလိုခြင်းဖြစ်သည်။ ခြိမ်းခြောက်မှုအဖြစ်ဖန်တီးတည်ဆောက်ပြခြင်း (threat construction) ဟုရည်ညွှန်းသည်။

တစ်စုတစ်ဖွဲ့ကို ခြိမ်းခြောက်မှုအဖြစ် ရည်ညွှန်းလိုက်သောအခါ မိမိရန်လိုတိုက်ခိုက်မှုများကို ခုခံကာကွယ်မှုအတွက် ဟု အကြောင်းပြ၍ရသည်။ တိုက်ခိုက်ဖျက်ဆီးမည့် မိမိအဖွဲ့များကိုလည်း ထို့ကဲ့သို့ပင် ယုံကြည်စေ၍ မောင်းနှင်ညွှန်ကြားနိုင်သည်။

ထိုလူတစ်စုက အနာဂတ်တွင် ဤသို့ဤပုံ ဘေးဒုက္ခ ပေးလာလိမ့်မည်ဟူသော ပြောဆိုပုံတွင် မိမိပြုမူလိုသည့် လုပ်ရပ်ကို အခြားသူဘက်မှ ပြုလုပ်လာမည့် လုပ်ရပ်အဖြစ် အသွင်ပြောင်း ပြောဆိုသည့် ပုံသဏ္ဌာန်ပါဝင်လေ့ရှိသည်။ "မှန်ကြည့်၍ စွပ်စွဲခြင်း accusation in a mirror" ဟုပင်ရည်ညွှန်းသည်။

ဝါဒဖြန့်ချိမှုများ၏ အစွမ်းနှင့်နောက်လိုက်နောက်ပါများ၏ ယုံကြည်မှုကို နာဇီ - ဂျာမနီ ဥပမာတစ်ခု

တွင်တွေ့နိုင်သည်။ ဆိုဗီယက်နိုင်ငံ မိုဂီလက် ဒေသတွင် ဖြစ်ပွားသော ဂျူး ၂၀၀၀ ခန့် သတ်ဖြတ်မှုတွင် ပါဝင်ခဲ့သူ ဗီယင်နာမြို့သားတစ်ဦးက ဇနီးဖြစ်သူထံသို့ အောက်ပါအတိုင်း စာရေးပို့ခဲ့သည်။

"ရထားတွဲ နံပါတ် ၁၀ ကို တည်တည်ငြိမ်ငြိမ် ချိန်ပြီး တိတိကျကျပစ်ခဲ့တယ်။ အမျိုးသမီးတွေ၊ ကလေးတွေ၊ ကလေးငယ်ငယ်လေးတွေကိုပေါ့။ ငါ့မှာလည်း အိမ်မှာ ကလေးနှစ်ယောက်ရှိတယ် ဆိုတာစိတ်ထဲမှာရှိတယ်။ ဒီတိရိစ္ဆာန်တွေရဲ့ လက်ထဲမှာဆိုရင် ငါ့ကလေးနှစ်ယောက်လည်း အခုသူတို့ကြုံရတာထက် ဆယ်ဆလောက်ဆိုးမယ် ဆိုတာကို သိတယ်။"

## ၃။ အခြားလမ်းရွေးစရာမရှိဟူသော စကားများ

မည်သည့် အခြေအနေတွင်မဆို ခေါင်းဆောင်များ၊ ပြည်သူများတွင် ရွေးချယ်စရာ လမ်းကြောင်း အသွယ်သွယ်ရှိသည်သာဖြစ်ပါသည်။ ဟောပြောတိုက်တွန်းချက်များ၊ အယူဝါဒဆိုင်ရာ ယုံကြည်ချက်များက ရွေးချယ်စရာများ နည်းနည်းသာရှိအောင်၊ သို့မဟုတ် များများရှိလာအောင် ပြုလုပ်နိုင်ကြပါသည်။

ဖိနှိပ်တိုက်ခိုက်လိုသည့် အခြေအနေတွင် အကြမ်းဖက် ဖယ်ရှားမှုမှလွဲ၍ ရွေးစရာမရှိဟူသော ဟောပြောချက်များ ကျယ်ပြန့်နေပါလိမ့်မည်။ အခြားလမ်းကြောင်းက သွားလိုသူများကို သွေဖည်သူများ၊ စိတ်ကူးယဉ်သူများ၊ ဖေါက်ပြန်သူများဟု စွပ်စွဲခြင်း၊ ပြက်ရယ်ပြုခြင်းများ ပြုပါလိမ့်မည်။ မိမိတို့ကသာ သတ္တိနှင့် ဂုဏ်သိက္ခာရှိသော ရွေးချယ်မှုပြုသူများဟု သရုပ်ဖော်လေ့ရှိပါသည်။ မလွဲမရှောင်သာဟူသော စကားများကိုအသုံးပြုပါလိမ့်မည်။ တစ်နည်းအားဖြင့် ထိုစကားလုံးများသုံးကာ အခြားသောရွေးစရာလမ်းများကို ပိတ်ဆို့ထားဆီးခြင်း ဖြစ်ပါသည်။ သို့မှသာ ရည်ရွယ်သော အကြမ်းဖက် ဖိနှိပ်မှုများဆီသို့ ဦးတည်နိုင်မည်ဖြစ်သည်။

ဆိုဗီယက် ကွန်မြူနစ်ပါတီ၏ အကြမ်းဖက်မှုများကိုသိသော်လည်း နိုင်ငံရေး၊ စီးပွားရေး ရည်မှန်းချက်များအတွက် ဒါတွေကို မလွဲမရှောင်သာ ကြုံရမှာပဲလေဟု တွေးကြသည့် ပြည်သူများအကြောင်း လေ့လာမှတ်တမ်းတင်ထားသည်များ ရှိပါသည်။

တခြား ရွေးစရာမရှိ၊ မလွှဲမရှောင်သာဟူသော စကားလုံးများအား ကျင့်ဝတ်သီလပျက်ယွင်းမှုများကို ဖုံးကွယ်ရာတွင်လည်း အသုံးပြုလေ့ရှိပါသည် ရွေးစရာမရှိဟု ရည်ညွှန်းလိုက်လျှင် ကျင့်ဝတ်သီလနှင့် ညီမညီ ဆန်းစစ်ရန် ခက်ခဲသွားစေသည်။

## ၄။ အကြမ်းဖက်မှုများကို ဂုဏ်သိက္ခာရှိသော လုပ်ရပ်ဟု တင်စားပြောဆိုသည့် စကားများ

လူ့အဖွဲ့အစည်းဖြစ်စေ၊ လူတစ်ဦးချင်း ဖြစ်စေ မိမိကိုယ် မိမိအကောင်းမြင်၊ အမှန်းတင်ပုံရိပ်ဖြင့်သာ ရှုမြင်လိုသည်။ ဂုဏ်သိက္ခာရှိသည်ဟု ယူဆသောလုပ်ရပ် ဖြင့်သာ ဆက်စပ်လိုသည်။ နောက်လိုက်တို့ကို အကြမ်း ဖက် ရန်လိုမှုများသို့ မောင်းနှင်လိုသောအခါ ခေါင်း ဆောင်တို့သည် အကြမ်းဖက် လုပ်ရပ်များကို အပြစ်ကင်း သော၊ ဂုဏ်ရှိသော လုပ်ရပ်များအဖြစ် ပြောဆိုကြလေ့ ရှိသည်။

အကြမ်းဖက်မှုများကို ဂုဏ်သိက္ခာတန်ဖိုးများ အဖြစ် အမွန်းတင်ပြောဆိုမှု ကျယ်ပြန့်လာသော လူ့အဖွဲ့ အစည်းတွင် စံတန်ဖိုးများ ရွေ့လျားပြောင်းလဲ လာတတ် သည်။ အကြမ်းဖက်ကျူးလွန်သူတို့ကလည်း မိမိတို့လုပ်ရပ် တို့အမှားဟု ထင်မြင်ရန်ခက်ခဲသွားစေသည်။ အမုန်းကို ပင် ဂုဏ်တင်သည့်ရေးသား ပြောဆိုချက်များ၊ အညာ အတာ ကင်းစွာပြုမူခြင်းကိုပင် စံနှုန်းအဖြစ်ရည်ညွှန်း သည်များကို ကိုလိုနီဆိုက်ဖြစ်ခဲ့သော နိုင်ငံတိုင်းတွင်တွေ့ရ လေ့ရှိသည်။

"လူတိုင်းကို ပြင်းပြင်းထန်ထန် မုန်းတတ်သူ တွေဖြစ်အောင် လေ့ကျင့်ပေးရမယ်" ဟုနာဇီ ဗိုလ်ချုပ်တစ် ယောက်က မှတ်ချက်ပြုခဲ့သည်။

"မှန်ကန်တဲ့ အပြုအမူဆိုတာ အညာအတာ အဆောက်အထားမရှိ လုပ်နိုင်တာကို ခေါ်တာ" ဟု နာဇီ

ရဲ့လက်စွဲ စာအုပ်တွင်ဖော်ပြသည်။ "တွတ်စီတွေက ကျုပ်တို့ကို ကျွန်ပြုမယ့်သူတွေ၊သူတို့ကို သနားစိတ် ဖြစ်ဖို့မလို" ဟု ရေဒီယိုရဝမ်ဒါက ထုတ်လွှင့်ခဲ့သည်။ "လူတန်းစားမတူတဲ့ တို့ရန်သူတွေကို ချေမှုန်းဖို့၊ အမုန်းနဲ့ သွေးကြွေးဆပ်လိုမှုတွေတို့ဆီမှာ စီးဝင်နေရမယ်" ဟု ခမာနီ မိန့်ခွန်းများကဆိုသည်။

ခေါင်းဆောင်တို့သည် အကြမ်းဖက်ရန်လိုမှုများကို ဂုဏ်တင်ပြောဆိုခြင်းဖြင့် နောက်လိုက်များကို စေ့ဆော်သည်။ ထိုသို့လုပ်ရန် ဘာသာရေးခေါင်းဆောင်များ၏ ဩဇာကိုပင် ယူတတ်ကြသည်။ အခြားတစ်ဘက်တွင်လည်း ကျင့်ဝတ်၊ သီလ၊ ချင့်ချိန်မှု၊ အခြားလမ်းရွေးစရာညွှန်ပြသူများအား သိက္ခာမဲ့သူများ၊ သတ္တိကြောင်သူများ၊ ဖောက်ပြန်သူများအဖြစ် သရုပ်ဖော်တတ်ကြသည်။

## ၅။ အကြမ်းဖက်မှုအားဖြင့် ရရှိမည့် "သာယာသည့် အနာဂတ်" ဟူသောစကားများ

"မိမိတို့လက်ထက်တွင် အခြေအနေကြောင့် ရက်စက်ကြမ်းကြုတ်ရခြင်းများကို အနာဂတ်က နားလည် ခွင့်လွှတ်လိမ့်မည်"ဟု ဆိုဗီယက် ကွန်မြူနစ် ခေါင်းဆောင် လီနင်ကပြောခဲ့ပါသည်။

အကြမ်းဖက်မှု၊ ဖိနှိပ်မှု၊ ဆိုးယုတ်မှုများကို ယတ်တလောတွင်သာ လုပ်ရခြင်းဖြစ်သည်။ အနာဂတ်တွင် အားလုံးကောင်းသွားမည်ဟူသော ဟောပြောချက်များကို ခေါင်းဆောင်များ အသုံးပြု လေ့ရှိသည်။

ထို့သို့သော ဟောပြောချက်များကြောင့် အကြမ်းဖက် ကျူးလွန်သူတို့ကလည်း မိမိလုပ်ရပ်သည် အနာဂတ်အတွက် အကျိုးကျေးဇူး တစ်စုံတစ်ရာ ဖြစ်စေသည်ဟု ယူဆကြလေ့ရှိသည်။ မလိုလားသောအစုအဖွဲ့များကို ချေမှုန်းရှင်းလင်းပြီးသည့်အခါ မိမိတို့ချည်းရှိသော သာယာမည့် အနာဂတ်ဟု တိုက်ရိုက်ရည်ညွှန်းကြသည်များလည်းရှိသည်။ သွယ်ဝိုက်ရည်ညွှန်း ကြသည်များလည်း ရှိသည်။ လောလောဆယ် လှုပ်ရှားရှင်းလင်းသုတ်သင်လိုက်လျှင်အနာဂတ်တွင် ခြိမ်းခြောက်မှုရှိတော့မည် မဟုတ်ဟု ရည်ညွှန်းကြသည်လည်းရှိသည်။

သမိုင်းတွင် အကြမ်းဖက်မှုကြောင့် ဆိုးကျိုးရလဒ်များစွာ ကြုံတွေ့ခဲ့ရသည့် ဥပမာများစွာရှိသော်

လည်း ထိုဖြစ်ရပ်များတွင် အကြမ်းဖက်မှုကြောင့်ရမည့် အနာဂတ်အကျိုးသည် သေချာပေါက် ဖြစ်သည်ဟု ခေါင်းဆောင်ပြောဆို နေခဲ့ကြလေ့ရှိသည်။

## ၆။ လူ့အဖြစ်မှ လျှော့ကျစေသည့် စကားများ

မည်သည့် ဂျီနိုဆိုက်နှင့် အကြမ်းဖက်မှုကြီးများတွင်မဆို ပါဝင်လေ့ရှိသည်မှာ အခြားအစုအဖွဲ့များအား လူ့အဖြစ်မှလျှော့ကျစေရန် ရည်ညွှန်း ပြောဆိုသည့် စကားများဖြစ်သည်။

ပိုးဟပ်များ၊ ကပ်ပါးများ၊ ဗိုင်းရပ်များ၊ စေတန်နတ်ဆိုးများ၊ မကောင်းဆိုးဝါးများ၊ အဆိပ်အတောက်များစသည်ဖြင့် လူမဟုတ်ဟူသော ယူဆမှုဆီသို့ ရောက်အောင် သုံးစွဲကြသည့် စကားလုံးများစွာ ရှိသည်။

လူမဟုတ်ဟု သတ်မှတ်လိုက်သောအခါ လူသားစံနှုန်း၊ ကျင့်ဝတ်စံနှုန်းများအတွင်း ထည့်သွင်းစဉ်းစားရန် မလိုတော့ပေ။ ခြင်တစ်ကောင်၊ ယင်တစ်ကောင်လို ချေမှုန်းနိုင်၍ ရသွားသည်။

လူ့အဖွဲ့အစည်းထဲတွင်မူ အများစုမှာရန်လိုတျူးလွန်သူများ မဟုတ်ကြ။ သို့ရာတွင် လူ့အဖြစ်မှ လျော့ကျစေသည့် စကားလုံးများဖြင့်သာ ယဉ်ပါးနေသောအခါ အကြမ်းဖက်ခံရသည့် အစုအဖွဲ့များအား တရားဏာသက်ရန် ခက်ခဲသွားစေသည်။ ထို့ကြောင့် လူ့အဖြစ်မှ လျော့ကျစေသည့် စကားလုံးများသည် လူ့အဖွဲ့အစည်း တစ်ခုလုံး၏ ကျင့်ဝတ်သီလကို တိုက်စားပြုန်းတီးစေသည့် ကိစ္စအဖြစ် မှတ်ယူကြရခြင်းဖြစ်သည်။

# အခန်း(၇)
# ဂျီနိုဆိုက်မဖြစ်ဖို့ဘယ်အချိန်မှာ စတင်လှုပ်ရှားကြရမလဲ

ချိန်ခိုဆိုက်မဖြစ်ပေါ်ရေးတွင် အရေးကြီး သည်မှာ ဖြစ်ရပ်ဆိုး (သတ်ဖြတ်မှုများ) ဖြစ်ပေါ်သည် အထိ မစောင့်ကြရန် ဖြစ်ပါသည်။ မည်သည့်အချိန် လှုပ်ရှား ကြမည်နည်း။

လူ့အဖွဲ့အစည်းအတွင်း ငါတို့နဲ့မတူသော "သူတို့"ဟူ သော ခြုံငုံရည်ညွှန်းချက်များ၊ တူညီမှုထက် မတူညီမှုများ ကို မီးမောင်းထိုးကြခြင်းများ မြင့်တက်လာခြင်း၊ ထိတွေ့ ဆက်ဆံမှု နည်းပါးလာမှုများဖြစ်ပေါ်လာကြချိန်တွင် စတင် လှုပ်ရှားကြရပါမည်။

- မယုံကြည်ရဟူသော သတင်း စကားများဖြင့် "ငါတို့-သူတို့" ဟူသော တံတိုင်းများ ခတ်လာကြ ချိန်တွင်လှုပ်ရှားကြရပါမည်။ တစ်ဘက်နှင့် တစ်ဘက် ခြုံငုံတံဆိပ်ကပ်ခြင်း၊ သေးသိမ်အောင် လုပ်ခြင်း၊ မကောင်းဆိုးဝါးဟူ၍ ပုံဖျက်ခြင်းများဖြစ် လာချိန်တွင် လှုပ်ရှားကြရပါမည်။
- တစ်ဘက်အုပ်စုဝင်တွေဟာ "ငါတို့အစုအဖွဲ့ရဲ့ဖြစ် တည်မှုကို ခြိမ်းခြောက်နေတယ်" ဟူသောသတင်း စကားများ ပေါ်ထွက်လာလျှင်လည်း လှုပ်ရှားကြရ ပါမည်။
- တစ်ဘက်အုပ်စုဝင်များကို လူအဖြစ်မှ လျှော့ကျစေ သည့် ရောဂါပိုးမွှား၊ ကပ်ပါးစသည့် ရည်ညွှန်းချက် များပေါ်ထွက်လာနေလျှင် လှုပ်ရှားကြရပါမည်။

- ထိုသို့သော လူအဖြစ်မှ လျှော့ကျစေသည့်ရည်ညွှန်းချက်များသည် မီဒီယာနှင့် ဩဇာကြီးသောပုဂ္ဂိုလ်များ၊ ခေါင်းဆောင်များထံမှ ထွက်ပေါ်လာနေပြီဆိုလျှင် အထူးအလေးထား လှုပ်ရှားကြရပါလိမ့်မည်။

- တစ်ဘက်အုပ်စုဝင်များ၏ ပြည်သူ့အခွင့်အရေးကိုရုပ်သိမ်းခြင်းများ၊ ခွဲခြားဆက်ဆံခြင်းများ၊နေရာရွှေ့ပြောင်းခြင်းများ၊ ဖိနှိပ်ခြင်းများ ဖြစ်ပေါ်လာနေပြီဆိုလျှင် လှုပ်ရှားကြရပါတော့မည်။

လူ့အဖွဲ့အစည်း တစ်ခုလုံး နစ်မြုပ်သွားမည့် အခြေအနေများကို သာမာန်ပြည်သူတို့ အဘယ့်ကြောင့် လက်ခံ ခွင့်ပြုထားသနည်းဟု သမိုင်းဖြစ်ရပ်ဆိုး ကြုံခဲ့ရသော နိုင်ငံများကို လေ့လာကြည့်ခဲ့ ကြပါသည်။ နာဇီခေတ်ကိုဖြတ်သန်းခဲ့သည့် သာမန် ဂျာမန်ပြည်သူများကို လေ့လာခဲ့သည့် သုတေသနများရှိခဲ့ပါသည်။ အောက်ပါ အခြေအနေများကို တွေ့ရှိခဲ့ကြပါသည်။

၁။ **အခြေအနေဆိုးများနှင့် ကျင့်သားရသွားခြင်း**
Habituation

၂။ **ရှုပ်ထွေး မျက်စိလည်သွားကြခြင်း**
Confusion

၃။ **စိတ်အာရုံ လွှဲစရာ အကြောင်းကိစ္စများစွာရှိနေခြင်း**
Distraction

၄။ **ကိုယ်ကျိုးစီးပွား**
Self-interest

၅။ **ကြောက်စိတ်**
Fear

၆။ **အကျိုးအကြောင်းရှာဖွေ ဆက်စပ်၍ စိတ်သက်သာအောင် တွေးကြခြင်း**
Rationalization

၇။ **ကိုယ်လုပ်နိုင်တာ မရှိဟု တွေးတောကြခြင်း**
Sense of personal powerlessness

## ၁။ အခြေအနေဆိုးများနှင့် ကျင့်သားရသွားခြင်း

စဉ်းစားဖို့ကို အချိန်မရှိခဲ့ကြပါဘူး
ကိုယ့်ဝန်းကျင်မှာ
ထိတ်လန့်စရာတွေ များတော့ များများလာတယ်။
ဒါပေမဲ့ ဖြည်းဖြည်းချင်းပဲဆိုတော့ ဖြစ်ရိုးဖြစ်စဉ်လို့
အသားကျလာတယ်။
ဖြစ်ရပ်တစ်ခုချင်းစီဟာ
သေးသေးငယ်ငယ်
အကျိုးရလဒ်လည်း သိပ်ကြီးပုံမရတော့
သတိမထားခဲ့ကြပါဘူး။
လယ်ကွင်းထဲမှာ ပြောင်းစေ့လေး အပင်ပေါက်လာတာ
ဘယ်သူမှ သတိမထားမိကြသလိုပါပဲ။

နာဇီခေတ်မှ သာမာန်ပြည်သူ တစ်ဦး
They think they were free by
Milton Meyer

## ၂။ ရှုပ်ထွေးမျက်စိလည်သွားကြခြင်း

အတိုက်အခံလုပ်ဖို့ ဟုတ်လား။ ဘယ်သူက သိမှာလဲဗျာ။ ဘယ်သူက ဘာကို ထောက်ခံတယ်၊ ဘယ်သူက ဆန့်ကျင်တယ် ဆိုတာတွေကို ဘယ်လိုလုပ်သိမှာလဲ။ထောက်ခံတယ်၊ ကန့်ကွက်တယ် ဆိုတာတွေကလည်း အခြေအနေပေါ် မှာ မူတည်ဦးမှာ။ သူ ဒီစကားပြောတာ ဘာကြောင့်လဲ ဆိုတာကိုလည်း အတော်တွေးယူရဦးမှာ။

နာဇီခေတ်မှ သာမာန်ပြည်သူ တစ်ဦး
They think they were free by
Milton Mayer

နာဇီတွေရဲ့ အပါးနပ်ဆုံး နည်းဗျူဟာ တစ်ခုက သူတို့ကို အားလုံးက တညီတညွတ်တည်း ထောက်ခံနေတယ်လို့ ထင်ရအောင် ပုံဖော်နိုင်တာပဲ။

Konard Jarausch
Broken Lives

## ၃။ စိတ်အာရုံ လွှဲစရာ အကြောင်းကိစ္စများစွာရှိခြင်း

နိုင်ငံသားတွေက အတောမသတ်တဲ့
ပွဲလမ်းတွေနဲ့ အာရုံများနေကြတာ။
ရုပ်ရှင်သွားကြတယ်။ ဘားသွားကြတယ်။
ကပွဲသွားကြတယ်။
ပုံမှန်ဘဝတွေကိုပဲ နေမြဲတိုင်း ဆက်နေကြတဲ့အခါ
ဆိုးဝါးမှုတွေကို အင်နဲ့ အားနဲ့
တက်တက်ကြွကြွတုံ့ပြန်ဖို့
ခက်ခဲ သွားတော့တာပေါ့။

"Automatic continuation of ordinary life that hindered any lively , forceful reaction against the horror"

နာဇီခေတ်မှဂျာမန် ဂျာနယ်လစ်
ဟက်ဖ်နာ
Defying Hitler
by Haffner

## ၄။ ကိုယ်ကျိုးစီးပွား

နေ့စဉ်နဲ့အမျှ
ကိုယ့်အရေး ကိုယ်ကိစ္စကိုပဲ အာရုံစိုက်တဲ့
ပြည်သူတွေများတဲ့အခါ
လွတ်လပ်ခွင့်နဲ့ လူ့ဂုဏ်သိက္ခာတွေ
တစ်ဆင့်ချင်းကို တိုက်ခိုက်သွားဖို့ အခွင့်အရေး
အစိုးရမှာ ရှိသွားတော့တာပေါ့။

Government' s step by step
Assult on freedom and dignity

နာဇီခေတ်မှဂျာမန် ဂျာနယ်လစ်
ဟက်ဖ်နာ
Defying Hitler
by Haffner

## ၅။ ကြောက်စိတ်

ဖရန့်ဖို့မြို့လေးနဲ့ သိပ်မဝေးတဲ့
တက္ကသိုလ်မြို့လေး မားဘာ့ခ် (Morburg) မှာရှိ
ဂျူးဝတ်ပြုကျောင်းတစ်ကျောင်း
၁၉၃၈ မှာမီးလောင်တယ်။ နိုဝင်ဘာ ၁၁ ရက်၊
၁၉၃၈ ထုတ် မြို့ခံသတင်းစာမှာ"လုံခြုံရေးအတွက်
ဂျူးအမျိုးသားတွေကို ဖမ်းလိုက်တယ်။ နောက်နေ့မှာ
တခြားမြို့ကို ပို့လိုက်တယ်"ဆိုတဲ့ သတင်းပါခဲ့တယ်။
မြို့ခံအားလုံးရဲ့ နားလည်မှုက
'ဝင်မပါနဲ့" ဆိုတာတခုတည်းပဲ။

နာဇီခေတ်မှ သာမာန်ပြည်သူ တစ်ဦး
They think they were free
by Milton Meyer

## ၆။ အကျိုးအကြောင်းရှာဖွေဆက်စပ်ခြင်း

နိုင်ငံတော် သစ္စာဖောက်တာမဟုတ်ရင်
ဂျူးတွေကို သတ်တာတော့ မှားတယ်။
ဒါပေမဲ့ သူတို့က သစ္စာဖောက်တယ်လေ။
ဒီလိုတွေဖြစ်ခဲ့တယ် ဆိုရင်တော့ မှားတယ်။
ဖြစ်ခဲ့တယ်လို့တော့ ကျုပ်ကမထင်ဘူး။

နာဇီခေတ်မှ သာမာန်ပြည်သူ တစ်ဦး
They think they were free
by Milton Meyer


## ၇။ လုပ်နိုင်တာ မရှိဟု တွေးတောကြခြင်း

ငပုလွေအုပ်ထဲ ရောက်နေရင်တော့ သူတို့လိုပဲ
အူရမှာပေါ့။ ဘာလုပ်နိုင်မှာမို့တုန်း။
မျှော်လင့်ချက် မဲ့လိုက်တာဆိုတဲ့ ခံစားချက်ကို
ပြေလျော့စေမဲ့ အကြောင်းလေးတစ်ခုကိုမျှ
မတွေ့ခဲ့ရဘူး။ ဒီလိုနဲ့ စွမ်းအားမဲ့သထက်
မဲ့လာတယ်။

နာဇီခေတ်မှ သာမာန်ပြည်သူ တစ်ဦး
They think they were free
by Milton Meyer

# အခန်း(၈)

# ကျုပ်တို့လုပ်နိုင်တာတွေ




Legitimization

## ၁။ တရားဝင်ဖြစ်စေခြင်း
Legitimization

ပြိုင်ဖက်အုပ်စုများသည်လည်း မိမိတို့ကဲ့သို့ပင် လူသားများ ဖြစ်ကြသည်။ ထိုသူတို့၏ တရားဝင်ဖြစ်မှုကို အသိအမှတ်ပြုရမည် ဟူသော ခံယူချက်သည် ငြိမ်းချမ်းရေး တည်ဆောက်ရန် လမ်းစဖြစ်သည်။ ဘာသာ၊ လူမျိုး၊ ယဉ်ကျေးမှု ကွဲပြားခြင်းများ ရှိသော်လည်းလူသားဖြစ်ခြင်းဟူသော တူညီသည့်သဘောကို လက်ခံကြရမည်ဖြစ်သည်။ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း တစ်ဘက်နှင့်တစ်ဘက် တရားမဝင်ဖြစ်အောင် ပြောဆိုခြင်းများ၊ လူအဖြစ်မမြင်နိုင်အောင် ပြောဆိုခြင်းများကို ငြိမ်းချမ်းရေး လှုပ်ရှားသူများအနေနှင့် စောင့်ကြည့်သတိပေးနေရမည်ဖြစ်သည်။

၂။ ညီတူမျှတူဖြစ်စေခြင်း
Equalization


ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အုပ်စုတစ်ခုနှင့်တစ်ခုကြား တန်းတူညီမျှ အခွင့်အရေးရကြစေရန် ဆောင်ရွက်ကြရသည်။ အညီအမျှ ပြုမူဆက်ဆံ ခံရသည်ဟု ခံစားနိုင်ကြရန်လိုသည်။ အုပ်စုတစ်ခုကအပေါ်စီးကနေ၍ ပြုမူဆက်ဆံနေသမျှ ချောမွေ့သော ဆက်ဆံရေးဖြစ်ရန် မလွယ်ကူပေ။



Differentiation

## ၃။ ခွဲခြားရှုမြင်ခြင်း
Differentiation

အခြားတစ်ဖက်မှ အုပ်စုသည် မိမိတို့အုပ်စုကဲ့သို့ပင် အမျိုးမျိုး အစားစားသော လူများဖြင့်ဖွဲ့စည်းထားသည်။ သဘောထားပျော့ပြောင်းသူများ ရှိသလို သဘောထား တင်းမာသူများလည်း ရှိနိုင်သည်။ အခြားအုပ်စုကို ရှုမြင်သောအခါ တစ်သွေးတစ်သံ၊ တစ်ပုံစံတည်း ဟု ကောက်ချက်မဆွဲမိရန်လိုသည်။ အခြားအုပ်စုမှ တစ်စုံတစ်ယောက်၏ လုပ်ရပ်သည်လည်း အဖွဲ့အစည်းတစ်ခုလုံးကို ကိုယ်စားပြုခြင်းရှိမရှိဝေဖန် ထောက်ရှုရန်လိုသည်။ ည်သို့သော အခြေအနေတွင်ပင်ဖြစ်စေ၊ အခြား အုပ်စုတွင် မိမိတို့ကဲ့သို့ပင် ငြိမ်းချမ်းရေး ဖွေရှာလိုသူများရှိမည်ကို တွေးဆဆော်ဩရန်လိုသည်။



## ၄။ လူ့အဖြစ် ရှုမြင်ခြင်း
Personalization

အခြားတစ်ဘက်မှ အုပ်စုသည် လူမဟုတ်သူများ၊ လူ့အဖြစ် အသိအမှတ် မပြုထိုက်သူများဖြင့် ဖွဲ့စည်းထားသော အစုအဖွဲ့မဟုတ်၊ လူသားတစ်သီး ပုဂ္ဂလများဖြင့်ဖွဲ့စည်းထားသော လူသားအစုအဖွဲ့ ဟု ပြောင်းလဲရှုမြင်နိုင်ရမည်။ အခြားအုပ်စုသည် မိမိတို့ကဲ့သို့ပင် ခေင်များ၊ ဖခင်များ၊ သားသမီးများစသည့် လူသားဆန်မှုအစုအဝေးကြီး ဖြစ်သည်။ မိမိတို့ အုပ်စုကဲ့သို့ပင် ဆိုးမိုက်သူ ခြွင်းချက်များလည်း ရှိလိမ့်မည်။ ပဋိပက္ခပြင်းထန်သော ကာလအတွင်းပြင်ပ အုပ်စုများကိုတရားခေင် ဖြစ်စေခြင်း၊ လူ့အဖြစ်မှလျှော့ကျစေခြင်း၊ တစ်ပုံစံတည်းတစ်စု တစ်ဖွဲ့တည်းဟု မြင်ခြင်း၏အကျိုးဆက်မှာ တစ်ဘက်အုပ်စု၏ လူဆန်သောဖြစ်တည်မှုများကို မေ့လျော့ကာ ချေမှုန်းရမည့် ရန်သူဟူသော အမြင်ခိုင်မာသာတတ်ခြင်းဖြစ်သည်။ ထိုအမြင်များကို တစ်ဆင့်ချင်းပြောင်းလဲပြုပြင်၍ လူသားဂုဏ်ရည် ပြန်လည်မျှဝေရန် ထိုအပ်သည်။



Personalization


## ၅။ ယုံကြည်မှု တည်ဆောက်ခြင်း

Trust

ယုံကြည်မှုတည်ဆောက်ရာတွင် အဓိကအခက်အခဲမှာ မိမိယုံကြည်မှုကို အလွဲသုံးစားပြု၍ အမြတ်ထုတ်ခံရမည့် အန္တရာယ်ဖြစ်သည်။ သို့ရာတွင် တစ်ဘက်ဘက်မှ ယုံကြည်မှုဖြင့် လက်ကမ်းမှုမပြုမချင်း ငြိမ်းချမ်းရေးအဖြေရှာရန်မလွယ်ကူနိုင်ပေ။ အတော်အတန် အန္တရာယ်ရှိသော်လည်း ကြီးကြီးမားမား ထိခိုက်နိုင်ခြေ မရှိလျှင်မိမိဘက်မှ စတင်၍ယုံကြည်မှု ကမ်းလှမ်းတည်ဆောက်ရန် အကြံပြုလေ့ရှိကြသည်။ တစ်ဆင့်ချင်း တစ်ဆင့်ချင်းထိတွေ့ ဆက်ဆံမှုမှနေ၍ ကျယ်ပြန့်သော ယုံကြည်မှုတည်ဆောက်သည့်အဆင့်သို့ ရောက်ရှိနိုင်သည်။

ယုံကြည်မှုဟူသည်မှာ တစ်ဘက်နှင့်တစ်ဘက်ကောင်းမွန်စွာ ပြုမူဆက်ဆံလိမ့်မည် ဟူသောမျှော်လင့်ချက်ဖြစ်သည်။ လုံးလုံးလျားလျားယုံကြည်မှုဟူသည်မှာပြင်ပအုပ်စုအနေနှင့် အနာဂတ်တွင်လည်း မိမိတို့ကိုကောင်းမွန်စွာ ပြုမူဆက်ဆံ လိမ့်မည်ဟုယုံကြည် နိုင်သောအခါတွင် ဖြစ်တည်နိုင်သည်။ အပြန်အလှန်အားဖြင့်လည်း ပြင်ပအုပ်စုက မိမိတို့အပေါ် အရှည်သဖြင့်ကောင်းမွန်စွာ ပြုမူဆက်ဆံလိမ့်မည်ဟု မမျှော်လင့်နိုင်သည့်အခါ ရေရှည်တည်သောယုံကြည်မှုကို မရနိုင်ပါ။

(Positive Expectation and Lack of Negative Expectations about future; behaviors of the rival)



Trust

## ၆။ မျှော်လင့်ချက် တည်ဆောက်ခြင်း

Hope


ပိုကောင်းသည့်အနာဂတ် ဖြစ်တည်နိုင်သည်ဟူသော မျှော်လင့်ချက်ရှိမှသာ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းနိုင်ကြမည်ဖြစ်သည်။ မျှော်လင့်နိုင်ခြေ ရှိမှသာ တီထွင်ဖန်တီးမှု၊ စိတ်ပိုင်းဆိုင်ရာအရ ပြေလျော့မှု၊အခြေအနေသစ်များဆီသို့ စမ်းသပ်လျှောက်လှမ်းလိုမှုစသည့် အခြေအနေများ ပေါ်ထွက်လာနိုင်မည်။

မျှော်လင့်ချက် ဖြစ်တည်သောအခါ ပစ္စက္ခအခြေအနေတွင် ပိတ်မိမနေတော့ဘဲ (သို့မဟုတ်) ပစ္စက္ခအခြေအနေတွင် ကျေနပ်မနေတော့ ပိုမိုကောင်းမွန်သည့် အနာဂတ်သို့ ရွေ့လျားနိုင်စေမည့် ခြေလှမ်းများလှမ်းကြလေ့ရှိသည်။

မျှော်လင့်ချက်သည် ပဋိပက္ခတွင် ပိတ်မိနေသော လူအများကို လွတ်မြောက်စေ၍ အတိတ်နှင့်ရော၊ ပစ္စုပ္ပန်တွင်ရှိခဲ့သည့် အခြေအနေတို့နှင့်ပါ ကွဲပြားသည့် အတွေးကြံဆောင်ရွက်နိုင်စွမ်းကိုရှိစေသည်။ Hope enables people to imagine a future that is different from the past and present.

လက်ရှိအခြေအနေတို့သည် မည်သို့မျှပြောင်းလဲနိုင်စရာ မရှိဟူသော မျှော်လင့်ချက်မဲ့သည့် စိတ်အခြင်ရောက်သွားသောအခါ အများပြည်သူတို့သည် တစ်စုံ

တစ်ရာတွန်းတိုက် လှုပ်ရှားမှုပြုရန် စိတ်မထက်သန် တော့ချေ။ ထိုအခြေအနေမျိုးတွင် ဖြစ်နိုင်ခြေရှိသည့် အနာဂတ် မျှော်လင့်ချက်ဖြင့် နိုးထလှုပ်ရှားလာအောင် ဆော်သြကြရသည်။



Hope

## ၇။ ဘုံမြင်ကွင်း အနာဂတ်သစ်ကို တည်ဆောက်ခြင်း

Creating New Common Vision

ဖက်ပြိုင်နေကြသော အုပ်စုအားလုံးက မဖြစ်မနေ ငြိမ်းချမ်းရမည်ဟူသော ဘုံမြင်ကွင်းကို တည်ဆောက်နိုင်ကြရန် လိုသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းအားဖြင့် နှစ်ဦးနှစ်ဘက်အတွက် ရေရှည်အကျိုးစီးပွားရှိမည်ကို ယုံကြည်လာအောင် အားထုတ်ကြရသည်။



Creating New Common Vision


## ၆။ တရားမျှတမှုဖြစ်တည်အောင် ဆွဲဆောင်စည်းရုံးယူခြင်း

Persuasion

အုပ်ချုပ်သူ လူတန်းစားကြောင့်ဖြစ်စေ၊ နိုင်ငံရေး၊ စီးပွားရေး စနစ်များကြောင့်ဖြစ်စေတရား မျှတမှုကင်းမဲ့နေလျှင် ငြိမ်းချမ်းရေး ဖြစ်တည်ရန် မလွယ်ကူပေ။ ထိုသို့သော အခြေအနေများတွင် ဖွဲ့စည်းပုံဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုများကိုရပ်တန့် ပြောင်းလဲနိုင်ရန် ကြိုးစားရလေ့ ရှိသည်။ ဆွဲဆောင် စည်းရုံးခြင်း (Persuasion) နှင့် အကြမ်းမဖက် ဆန့်ကျင်မှု စွမ်းအားကို အသုံးပြုခြင်း (Non-Violent Power) နည်းစနစ်နှစ်ခုကို အများဆုံးအသုံးပြုကြသည်။

အောက်ပါ အခြေအနေ သုံးခုအပေါ်အခြေခံ၍ ဆွဲဆောင်စည်းရုံးရေး လှုပ်ရှားမှုများ ပြုနိုင်သည်။

- သီလတရား တန်ဖိုးများဖြင့် ဆွဲဆောင်ခြင်း
- ကောင်းကျိုးစီးပွားဖြစ်နိုင်ပုံကိုပြောဆိုစည်းရုံးခြင်း
- ကောင်းသတင်း သိက္ခာဖြစ်နိုင်ပုံကို ပြောဆိုစည်းရုံးခြင်း



Persuasion

## ၉။ သီလတရားတန်ဖိုးများအားဖြင့် ဆွဲဆောင်ခြင်း

Moral Values


တိုက်ရိုက်အကြမ်းဖက်မှုသာမက ဖွဲ့စည်းပုံ အားဖြင့် အကြမ်းဖက်မှု၊ ယဉ်ကျေးမှုအားဖြင့် အကြမ်းဖက်မှုများသည် မည်သည့်ပုံစံမဆို ကိုယ်ကျင့်သီလ တန်ဖိုးများနှင့် ဆန့်ကျင်မြဲဖြစ်သည်။ ထိုသို့သော အကြမ်းဖက်မှုတို့သည် ကိုယ်ကျင့်သီလ ဖောက်ဖျက်ကျူးလွန်ရာရောက်သည် ဟု ပြောဆိုကာသတိပေး ဆွဲဆောင်နိုင်သည်။ မိမိတစ်သက်တာအတွက်သာမက နောင်မျိုးဆက်အတွက်ပါ ထည့်သွင်းစဉ်းစားပေးမှ သီလရှိရာရောက်မည်ဟု သတိပေး ဆွဲဆောင်ခြင်းမျိုးလည်း ပြုလုပ်နိုင်သည်။ တာဝန်ရှိ သူတို့၏ အပြောနှင့်အလုပ် ကွာဟနေခြင်းမျိုးကိုလည်း သီလအမြင် ရှုထောင့်မှ သိစေအပ်သည်။



Moral Values

## ၁၀။ ကောင်းကျိုးစီးပွားဖြစ်နိုင်ပုံကို ပြောဆိုစည်းရုံးခြင်း
Self-Interests

အချို့အချို့သော ကိစ္စများတွင် စွန့်လွှတ်လက်လျှော့မှုအားဖြင့်သာ ကောင်းကျိုးစီးပွား ဆီသို့ ရောက်နိုင်သည်ဟူသော သဘောကို အုပ်ချုပ်သူ၊ တာဝန်ရှိသူများ မြင်သာလာစေရန် ပြောဆိုရသည်။ အခြေအနေ တစ်ခုနှင့်တစ်ခု ဆက်နွယ်ပတ်သက်နေမှုကို ထောက်ပြရသည်။ အကျင့်ပျက် လာဘ်စားမှုဖြင့် လက်ရှိတွင် ကိုယ်ကျိုးစီးပွား ဖြစ်နိုင်သော်လည်း ပျက်ယွင်းနေသော နိုင်ငံတစ်ခုကို ဆက်ခံရမည့်သူများထဲတွင် မိမိတို့သားသမီးများလည်း ပါဝင်လိမ့်မည်၊ ထို့အတွက် ကြောင့် ကိုယ်ကျိုးကြည့် ဘဲ နိုင်ငံကောင်းအောင် တည်ဆောက်ခြင်းအားဖြင့် မိမိ မိသားစုအကျိုးစီးပွား ဖြည့်ဆည်းပေးပြီးသားဖြစ်သည်ဟု တွေးတောခံယူ လာအောင်ဆွဲဆောင်ကြရသည်။




## ၁၁။ ကောင်းသတင်းသိက္ခာဖြစ်နိုင်ပုံကို ပြောဆိုစည်းရုံးခြင်း

Self-actualization

ကောင်းရာကောင်းကျိုး ပြုခြင်းဖြင့်ကောင်းသတင်းကျော်စောမှုသည် ကိုယ်ကျိုးစီးပွားထက်များစွာ သာလွန်ခိုင်မာသည်ကို သိရှိလာအောင် ပြောဆိုစည်းရုံးကြရသည်။ ဘဝအဓိပ္ပာယ်ရှိလိုသော်လူ့သဘာဝ၊ အသိအမှတ် ပြုခံရခြင်းဖြင့် ပြည့်ဝအောင်မြင်သည် ဟူသော ခံစားချက် ရရှိနိုင်ခြေတို့ကို ပြောဆိုစည်းရုံး ကြရသည်။ လေ့လာချက်တစ်ခုတွင် အပေါ်စီးအာဏာ (Power over) ဖြင့် လုပ်ကိုင်လှုပ်ရှားကြသူတို့သည် ပြည်သူနှင့် လှုပ်ရှားဆောင်ရွက်ရာမှ ပေါ်ထွက်သောသြဇာ (Power with)ကို ဖန်တီးရယူ သူတို့ထက် စိတ်ပိုင်းဆိုင်ရာ အားနည်းသည်ကိုတွေ့ရသည်။ အာဏာကို ချုပ်ကိုင်ထားပြီး လက်မလွှတ်ရအောင် ကြိုးပမ်းခြင်းထက် အာဏာကိုခွဲဝေ လက်ဆင့်ကမ်းခြင်းက ပို၍လုံခြုံ ကြွယ်ဝစေနိုင်စွမ်း ရှိသည်။ ဤအခြေအနေတို့ကို ထောက်ပြပြောဆို စည်းရုံးကြရသည်။

ဆွဲဆောင်စည်းရုံးမှုနည်းစနစ် ကျင့်သုံးရေးသည် အုပ်ချုပ်ရေးတွင် ကိုယ်ကျိုးစီးပွား ကြီးမားစွာ ပါဝင်နေပြီး အာဏာကိုလည်း နိုင့်ထက်စီးနင်း ချုပ်ကိုင်ထားသော အခြေအနေတွင် မလွယ်ကူတတ်ပေ။ အာဏာဖြင့်ကြောက်စိတ် (Fear) သွတ်သွင်းထားသောကြောင့်


ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုရန်ခက်ခဲနေခြင်း (သို့မဟုတ်) ကျယ်ပြန့်သော မတရားမှုတို့ကြောင့် ပြည်သူများအတွင်း (အနည်းဆုံးစိတ် အတွင်းကဖြစ်စေ) အမျက်ဒေါသ (Rage) ကြီးမားနေသော အခြေအနေမျိုးတွင် ဆွဲဆောင် စည်းရုံးမှု အတွက် လမ်းစရှာရန်ခက်ခဲ နိုင်သည်။



Self-actualization

## ၁၂။ မငြိမ်းချမ်းမှုကြောင့် ပေးဆပ်ရသည့် တန်ဖိုးများအကြောင်း ပြောဆိုခြင်း
### Talking about Cost to Society

မငြိမ်းချမ်းသည့်အခါ လူ့အဖွဲ့အစည်းတစ်ခုလုံးက ပေးဆပ်ထမ်းပိုးထားရသည့် ကုန်ကျစရိတ်မှာ ကြီးမားလှသည်။ ထိုစရိတ်ထဲတွင် ပြည်သူတို့၏ အသက်ဇီဝများ၊ ကလေးသူငယ်တို့၏ ဘဝနှင့်အနာဂတ်များ ပါဝင်သည်။ ရံဖန်ရံခါတွင် အတ္တများ၊ မာနများ၊ မုန်းတီးမှုများ၊ မိုက်မဲမှုများ၊ ပညာမဲ့မှုများကြောင့် ထိုစရိတ်စကတို့ကို ဂရုမပြုတတ်ကြချေ။ ငြိမ်းချမ်းရေး လှုပ်ရှားသူများသည် နည်းလမ်းအမျိုးမျိုးဖြင့် အဆိုပါ စရိတ်စကများကို ပြည်သူနှင့် ခေါင်းဆောင်တို့ သိနေအောင်အားထုတ်ကြရသည်။



Taking about Cost to Society


## ၁၃။ အားလုံးနှင့် သက်ဆိုင်သော တန်ဖိုးများဖော်ထုတ်ခြင်း
Universal Values

လူမျိုး၊ ဘာသာ၊ ကျားမ မည်သို့ပင်ကွဲပြားခြားနား စေကာမူ အောက်ပါ စံတန်ဖိုးများသည် လူ့ အသိုက်အမြုံ အတွင်းရှိ လူအားလုံးနှင့် အကျုံးဝင်စေရမည်။ သို့မှသာ ငြိမ်းချမ်းသည့် လူ့အသိုက်အမြုံ တည်ဆောက်ရန် ဖြစ်နိုင် ခြေရှိသည်။

- လူသားအားလုံးသည် အသက်ရှင်ရပ်တည် ပိုင်ခွင့်ရှိသည်။ (Survival)
- အသက်ရှင်နေထိုင်ရန် ရေမြေတောတောင် သဘာဝအခြေအနေကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်နိုင်ရမည်။ (Sustaining the Habitat)
- လူ့ဂုဏ်သိက္ခာနှင့် နေထိုင်ခွင့်ရှိရမည်။ (Freedom to live in dignity)
- စိုးရွံ့ထိတ်လန့်ရခြင်းမှ ကင်းလွတ်ခွင့်ရှိရမည်။ (Freedom from fear)
- သတင်းအချက်အလက်ရပိုင်ခွင့်နှင့် လွတ်လပ်စွာပြောဆို စုရုံးပိုင်ခွင့်တို့ ရှိရမည်။ (Freedom of Information)
- ချို့တဲ့ဆင်းရဲခြင်းမှ လွတ်ကင်း၍ ပညာရေး၊

ကျန်းမာရေး၊ အမိုးအကာ၊ စားနပ်ရိက္ခာစသည့် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံစေမှုတို့ ရှိရမည်။ (Freedom from want)


- လူသားတိုင်း မိမိတို့၏ လွတ်လပ်ခွင့်များ မဆုံးရှုံးစေရအောင် ကာကွယ်စောင့်ရှောက်ပေးသည့် အခြေအနေများရှိရမည်။ ချိုးဖောက်သူများကို တုံ့ပြန်အရေးယူသည့်စနစ် ရှိရမည်။ (Right to be protected)



Universal Values

## ၁၄။ ယဉ်ကျေးမှုထုတ်ကုန်များတွင် ငြိမ်းချမ်းရေးသတင်းစကားများ ဖော်ပြခြင်း
Expressions in Cultural Products

လူအများထံသို့ နေ့စဉ်ရောက်ရှိနေသော ယဉ်ကျေးမှု ထုတ်ကုန်များတွင် ငြိမ်းချမ်းရေး သတင်းစကားများ၊ ငြိမ်းချမ်းရေး စိတ်အတွေးများ ပါရှိနေရန် လိုအပ်သည်။ အမုန်းစကားများကို မကျယ်ပြန့်စေဘဲ မေတ္တာစကားများ ပျံ့ပွားအောင် ယဉ်ကျေးမှုနှင့် အနုပညာ ထွက်ကုန်များက ဆောင်ရွက်ပေးနိုင်သည်။ ငြိမ်းချမ်းရေး သတင်းစကားများကို ကျယ်ပြန့်စွာဖြန့်ဝေခြင်း Extensive Sharing နှင့် တွင်တွင်ကျယ်ကျယ် အသုံးပြုခြင်း Wide appli cation တို့ ဖြစ်ပေါ်နေအောင် အားထုတ်ကြရသည်။



Expressions in Cultural Products


## ၁၅။ ငြိမ်းချမ်းရေးကို အားပေးသော ပညာရေးတည်ဆောက်ခြင်း

Education for Peace

ထင်ဟပ်သုံးသပ် စဉ်းစားခြင်း စွမ်းရည် (Reflective Thinking) သည် ငြိမ်းချမ်းရေးကို အားပေးသော ပညာရေးစနစ်တွင် အဓိကကျသော အစိတ်အပိုင်းဖြစ်သည်။ စိတ်ပွင့်လင်းမှုရှိစေ၍ အယူအစွဲများ တစ်ဖက်သတ်အမြင်များကို ငြင်းပယ်နိုင်ရန် စဉ်းစား တွေးတောသုံးသပ်နိုင်သည့် စွမ်းရည်လိုအပ်သည်။ စဉ်းစားဆင်ခြင်သည့် စွမ်းရည်မြင့်မားသည့် လူ့အဖွဲ့အစည်းတွင် ခေါင်းဆောင်တို့၏ အဆုံးအဖြတ်နှင့် ဟောပြောချက်များနောက်သို့ အတွေးမဲ့ လိုက်ပါသွားခြင်းများ၊ အဆင်ခြင်မဲ့ အမိန့်နာခံခြင်းများနည်းပါးလေ့ရှိသည်။ ပိတ်ဆို့မထားဘဲ အခြေအနေ အကြောင်းအရာ အားလုံးကို လက်ခံ စဉ်းစားခြင်းအားဖြင့် ကျယ်ပြန့်သည့် စိတ်သဘောထားရရှိကာ ငြိမ်းချမ်းရေး တည်ဆောက်မှုကို အထောက်အကူပြုနိုင်သည်။ စိတ်ရှည်သည်းခံမှု (Tolerance) ဟူသည် အခြားသူများ၏ အခွင့်အရေး နှင့် အတွေးအမြင်သဘောထား အပြုအမူများကို လက်ခံ အသိအမှတ်ပြုပေးခြင်းသဘောဖြစ်သည်။

Tolerance refers to the recognition and acceptance of the right of all individuals as

well as groups to have their own thoughts, opinions, attitudes, will, and behavior. ဤစွမ်းရည်ကို တည်ဆောက်ပေးရန် ပညာရေးစနစ်က အဓိကကျလှသည်။



Reflective Thinking


## ၁၆။ ဖွင့်ထားသောစိတ်နှင့် ဝေဖန်ပိုင်းခြားနိုင်မှု မြင့်မားစေခြင်း

Open Mind

မိမိယုံကြည်ချက်၊ ရပ်တည်ချက်နှင့် ဆန့်ကျင်နေသောသတင်း အချက်အလက်များကို လက်ခံရန် ဝန်လေးခြင်း၊ အထောက်အထားများ ရှိသည့်တိုင် မိမိယုံကြည်ချက်နှင့် ဆန့်ကျင်နေလျှင် လက်ခံရန်ငြင်းပယ်ခြင်းတို့သည် ပိတ်ဆို့ရပ်တန့်နေသော စိတ်၏ လက္ခဏာများဟု ဆိုသည်။ (Closed Mindedness)

ဖွင့်ထားသောစိတ်၊ လင်းပွင့်သော စိတ်ဖြစ်ရန် အတွက် အောက်ပါအခြေအနေ လေးခုလိုအပ်သည်။

- မိမိ[redacted]ယူအဆကို ဖော်ပြနိုင်ခြင်း - တစ်နည်းအားဖြင့် ရှုထောင့်အမြင် ဖော်ထုတ်ခြင်း (Perspective giving)
- အခြားသူများ၏ အမြင်ကို နားထောင်လက်ခံစဉ်းစားခြင်း (Perspective taking) အခြားတစ်ဘက်မှ အမြင်ကို အသိအမှတ်ပြုခြင်းဟူသော အဓိပ္ပာယ်လည်း ပါဝင်သည်။
- ပေါင်းစပ်စုစည်း၍ အမြင်သစ်ဖော်ထုတ်ခြင်း (Generating Perspectives)
- အမြင်သစ်၊အဖြေသစ်များကိုလက်ခံအသုံးပြုခြင်း (Implementing)




Generating Respect

## ၁၇။ အခြားတစ်ဘက်မှ ကြည့်ခြင်းနှင့် စာနာနားလည်ပေးခြင်း
Perspective Taking and Empathy

အခြားတစ်ဘက်မှ လူပုဂ္ဂိုလ်များ၊ အစုအဖွဲ့များ၏ စိတ်ခံစားမှု နေရာမှနေ၍ ဝင်ရောက်ကြည့်ရှုနားလည်ပေးနိုင်စွမ်း (Perspective Taking) သည် ငြိမ်းချမ်းရေး အတွက်အရေးပါလှသည်။ ထိုသို့ ဝင်ရောက်ကြည့်ရှု ပေးနိုင်မှသာ အခြားတစ်ဘက်၏ စိတ်ကူးခံစားမှု၊ စေ့ဆော်မှု၊ အတွေ့အကြုံစသည့် အခြေခံအကြောင်းတရားများကို နားလည်နိုင်သည်အခြား တစ်ဘက်မှ ဝင်ရောက် ကြည့်ရှုပေးခြင်းနှင့် စာနာနားလည် ပေးမှုအားဖြင့် အားလုံးတွင် ဘုံတူညီသော လူသားဖြစ်မှု တန်ဖိုးများ၊ စိုးရိမ်ကြောင့်ကြမှုများ၊ လိုအပ်ချက်များ ရှိသည်ကို သိရှိလာနိုင်သည်။ Perspective taking and empathy may also lead both to perceive that they share a common humanity, as well as common values, concerns and needs.

စာနာနားလည်မှုမှနေ၍ လက်တွေ့ကူးလူးဆက်ဆံမှုဆီသို့ ပြောင်းလဲသွားသောအခါ အုပ်စုများအတွင်း ပဋိပက္ခပြေငြိမ်းရန် လမ်းပွင့်သွားသည်။



Perspective Taking and Empathy

## ၁၈။ တစ်ဦးနှင့်တစ်ဦး လက်ခံခြင်း

Mutual Acceptance

တစ်ဦးနှင့်တစ်ဦး အသိအမှတ်ပြုခြင်း၊ တရားဝင်ဖြစ်စေခြင်း၊ ထည့်သွင်းစဉ်းစားခြင်းတို့မှနေ၍ အပြန်အလှန် လက်ခံမှုကို ရရှိစေနိုင်သည်။ အပြန် အလှန် လက်ခံမှုသည် အရေးကြီးသောအဆင့်၊ အရေးကြီး သောခြေလှမ်းဖြစ်သည်။ နှစ်ပေါင်းများစွာ တစ်ဦးနှင့် တစ်ဦး တရားမဝင်ဖြစ်အောင် ပြောဆိုခြင်းများနှင့် လူအ ဖြစ်မှ လျှော့ချဆက်ဆံခြင်းများကို ရပ်တန့်ဖယ်ခွာလိုက် သည် ဟူသောသဘောဖြစ်သည်။ အပြုသဘော ဆန်သော သဘောထားများ စတင် ဖြစ်တည်နေပြီဟူသော သဘောတ လည်းဖြစ်သည်။

တစ်ဦးနှင့် တစ်ဦးသိမြင် လက်ခံပေးပြီးသည့် နောက် တစ်ဦးအခြေအနေကို တစ်ဦးနားလည်ကာအခြား တစ်ဘက်၏ ရည်ရွယ်ချက်များ၊ လိုအပ်ချက်များ၊ တန်ဖိုး များ၊ အစဉ်အလာများ၊ အတွေ့အကြုံများကို နားလည် သဘောပေါက်ပေးသည့် အဆင့်သို့ရောက်ရှိသည်။ အပေါ်ယံလက်ခံမှုကို ကျော်လွန်၍ နားလည်မှုဖြင့် ဖွံ့ စည်းသော ဆက်ဆံရေးသို့ ရောက်ရှိအောင် ကြိုးစားရ လေ့ရှိသည်။



Mutual Acceptance

# ၁၉။ ကွဲပြားမှုများကို လေးစား၍ တူညီမှုများကို အခြေပြုခြင်း

Respect for differences and focus on commonalities

ငြိမ်းချမ်းရေး ယဉ်ကျေးမှုတွင် တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကွဲပြားမှုများရှိသည်ကို လက်ခံ၍ လေးစားမှုကို ပြသသည်။ ကွဲပြားမှုများကိုအာရုံစိုက်မနေဘဲ ဘုံတူညီမှုများ အပေါ်တွင် အခြေပြု၍ ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းသည်။

## References

Bloxham, D. and Moses, A.D. eds., *2010. The Oxford handbook of genocide studies*. Oxford University Press.

Dallaire, R., *2009. Shake hands with the devil: The failure of humanity in Rwanda*. Vintage Canada.

Hayes, P., *2017. Why?: Explaining the Holocaust.* WW Norton & Company.

Mayer, M., *2017. They thought they were free: The Germans, 1933–45*. University of Chicago Press.

Meierhenrich, J., *2014. Genocide: A reader.* Oxford University Press USA.

Rittner, C., Roth, J.K. and Smith, J.M., 2002. Will genocide ever end?. Paragon House: St.Paul, Minnesota.

Semelin, J., *2007. Purify and destroy: The*

*political uses of massacre and genocide*. Columbia University Press.

van Prooijen, J.W., *2018. The psychology of conspiracy theories*. Routledge.

"သမိုင်းဖြစ်ရပ်ဆိုးများ
လေ့လာရေးစာစဉ်"

၁။ အမှောင်သို့သွားရာလမ်းများ

၂။ လူသတ်ကွင်းများ၊ ဘိုပ်ပါနှာ

၃။ သာမာန်လူများ

၄။ အမှောင်ထဲမှာ သိခဲ့သည်များ

၅။ အလုံပိတ်ထားတဲ့ ရထားတွဲနံရံမှာ
ခဲတံနဲ့ရေးတဲ့ကဗျာ

၆။ ဂျီနိုဆိုက်

Come, take this giant leap with me
into the other world...
the other place
and trace the eclipse of humanity...

လိုက်ခဲ့တော့
အခြားသောကမ္ဘာ ၊ အခြားသောနေရာဆီ
အမှောင်ဖုံးခဲ့တဲ့ လူသားမျိုးနွယ်ကို
ခြေရာခံကြည့်ရအောင် ။

ငမော်ခြံမှ
သိခဲ့သည်များ

ဒေါက်တာမြင့်ဇော်

